ကြေးမုံ

The Mirror

၁၃၆၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်၊ ကြာသပတေးနေ့၊ (27-3-2008) (၅၆၃၅)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘယ်လ်ဂျီယံနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ဘယ်လ်ဂျီယံနိုင်ငံ ဝန်ကြီးချုပ်အဖြစ် ၂၀၀၈ ခုနှစ် မတ် ၂၀ ရက်တွင် စတင်တာဝန်ထမ်းဆောင်သူ မစ္စတာ အိုက်ဗ်စ် လီတန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပါကစ္စတန်အစ္စလာမ္မစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ပါကစ္စတန်အစ္စလာမ္မစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော မစ္စတာ ဆာအိဒ် ယူဆွတ်ရာဇာဂီလာနီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရောင်စုံအထူးထုတ်

ယနေ့ထုတ် သတင်းစာတွင် ရောင်စုံအထူး ထုတ် လေးမျက်နှာ ပါရှိပါသည်။

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်) ဖွင့်ပွဲအခမ်းအနား ကျင်းပ

သဘာဝအလှအပများနှင့် ပသာဒစုံလှသည့် တိရစ္ဆာန်ဥယျာဉ်အဖြစ် စီမံထား ပြည်တွင်းပြည်ပ ခရီးသွားများ ဝင်ရောက်အနားယူလေ့လာနိုင်မည့် နေရာဖြစ်

နေပြည်တော် မတ် ၂၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်–မန္တလေး ကားလမ်းမကြီး၏ အရှေ့ဘက် ရေဆင်းဆည်အနီး၌ သစ်တောရေးရာဝန်ကြီးဌာန၏ စီမံဆောင်ရွက်မှုဖြင့် တည်ဆောက်ပြီးစီးသွားသော တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားပြီး အဝင်မုခ်ဦးကို စက်ခလုတ်နှိပ်ကာ ဖွင့်လှစ်ပေးသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ စာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့–အဖွဲ့ဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ အစိုးရအဖွဲ့ရုံးနှင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့ ➯**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်) ပင်မအဝင်မုခ်ဦးကို စက်ခလုတ် နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၇-၃-၂၀၀၈ (ကြာသပတေးနေ့)

အင်အားတောင့်တင်းသော ခေတ်မီတပ်မတော်တည်ဆောက် နိုင်ငံနှင့် ပြည်သူ့အကျိုးစီးပွား ထာဝရကာကွယ်စောင့်ရှောက်

၂၀၀၈ ခုနှစ် မတ်လ ၂၇ ရက်(ယနေ့)သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် တပ်မတော်နေ့ ဖြစ်သည်။ တိုင်းရင်းသားပြည်သူတို့၏ ရင်နှစ်သည်းချာများဖြင့် ဖွဲ့စည်းထားသည့် တပ်မတော်သည် လွတ်လပ်ရေး ကြိုးပမ်းမှုကာလ၌ ပေါက်ဖွားလာခဲ့ပြီး နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးတို့ကို ပြည်သူတို့နှင့်အတူ ဆင်နွှဲခဲ့သည်။

တပ်မတော်သည် ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ဖက်ဆစ်တော်လှန်ရေးကို ပြည်သူတို့နှင့်အတူ တစ်သွေးတည်း၊ တစ်သားတည်း ရဲဝံ့စွန့်စား တိုက်ပွဲဝင် အောင်ပွဲဆင်နွှဲနိုင်ခဲ့သဖြင့် ထိုနေ့ကို တပ်မတော်နေ့ဟူ၍ အမွန်အမြတ် ကမ္ပည်းတင် ဖော်ညွှန်းထားခြင်းဖြစ်သည်။

မြန်မာ့လွတ်လပ်ရေးအတွက် ကြိုးပမ်းတိုက်ပွဲဝင်ခဲ့ရာတွင် ဘီအိုင်အေခေါ် ဗမာ့လွတ်လပ်ရေးတပ်မတော်၊ ဘီဒီအေခေါ် ဗမာ့ကာကွယ်ရေးတပ်မတော်၊ ဗမာ့တပ်မတော်၊ မျိုးချစ်ဗမာ့တပ်မတော် စသည့် အမည်အမျိုးမျိုးဖြင့် ခေတ်အလိုက် ဖွဲ့စည်းဖြစ်ပေါ်ခဲ့သည်။ တပ်မတော်၏ ရဲစွမ်းသတ္တိရှိမှု၊ စစ်ရေးစွမ်းရည်ပြည့်ဝမှု၊ မျိုးချစ်စိတ်ထက်သန်မှုတို့ဖြင့် နိုင်ငံတော်အတွက် အသက်သွေးချွေးများစွာပေး၍ ကာကွယ်စောင့်ရှောက်ရင်း ပြည်သူ့အကျိုးစီးပွားကို ထာဝရ သယ်ပိုးထမ်းရွက်နေဆဲဖြစ်သည်။

ယနေ့အချိန်အခါတွင် တပ်မတော်က အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို တိုင်းရင်းသားပြည်သူတို့နှင့် လက်တွဲကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။ တစ်ချိန်တည်းတွင် နိုင်ငံ၏ နိုင်ငံရေးစွမ်းအား၊ စီးပွားရေးစွမ်းအား မြင့်မားလာရေး အဘက်ဘက်က ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အတွက် ခေတ်မီတပ်မတော်တစ်ရပ်သည် မရှိမဖြစ် လိုအပ်ချက်ဖြစ်ရာ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော်ကို တည်ဆောက်လျက်ရှိသည်။

သမိုင်းအစဉ်အဆက် နိုင်ငံတော်ကို စွန့်လွှတ်စွန့်စား ကာကွယ်စောင့်ရှောက်လာခဲ့သော တပ်မတော်သည် အမျိုးသားတပ်မတော်၏ ဂုဏ်အင်္ဂါနှင့်အညီ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စေရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်ရင်း နိုင်ငံနှင့်ပြည်သူ့အကျိုးစီးပွား အသက်အိုးအိမ် စည်းစိမ်လုံခြုံရေးတို့ကို ထာဝရ ကာကွယ်စောင့်ရှောက်သွားနိုင်ကြမည် ဖြစ်ပါသည်။ ။

ရေနံချောင်းမြို့ အထက(၁)တွင် ဆရာတော် အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)မတည်၍ လှူဒါန်းဆောက်လုပ်လျက်ရှိသော ရွှေပါရမီကျောင်းဆောင်သစ်အတွက် ရေနံချောင်းမြို့ အထက(၁) ကျောင်းအုပ်ဆရာကြီး ဦးစိန်မောင်ညိုနှင့် ဆရာ၊ ဆရာမများက ငွေကျပ်တစ်သိန်းကို ရွှေပါရမီဆောင် ဆောက်လုပ်ရေးကော်မတီ အတွင်းရေးမှူး ဦးကျော်လွင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

တမန်တော်မွေးနေ့ အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၂၆

တမန်တော်မွေးနေ့ကျင်းပရေး ဗဟိုကော်မတီ (ကျူလီယာမွတ်စလင်မ်)က ကြီးမှူးကျင်းပသည့် (၁၄၈၂)ကြိမ်မြောက် တမန်တော်မွေးနေ့ အခမ်းအနားကို မတ် ၂၀ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက်လမ်းရှိ ကျူလီယာဂျာမေဗလီ ဂေါပကခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ ဦးလှဖေက အမှာစကားပြောကြားပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် ပေးပို့သော (၁၄၈၂)ကြိမ်မြောက် တမန်တော်နေ့အခမ်းအနား သဝဏ်လွှာကို ကျင်းပရေး ဗဟိုကော်မတီ (ကျူလီယာမွတ်စလင်မ်) တွဲဖက်အထွေထွေအတွင်းရေးမှူး ဟာဂျီဦးညွှန့်လှိုင်က ဖတ်ကြားသည်။

ယင်းနောက် တမန်တော်၏ ဘဝဖြစ်စဉ်များကို အစ္စလာမ်သာသနာပညာရှင်များက ဟောကြားပြီး ဆုတောင်းမေတ္တာပို့သ၍ ဆုမွန်ကောင်းများတောင်းကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန နှစ်ချုပ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၂၆

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန နှစ်ချုပ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မတ် ၂၄ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် အထွေထွေမန်နေဂျာများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းလျာထားချက်အပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို သုံးသပ်ညှိနှိုင်းပြီး ဘဏ္ဍာနှစ်သစ်တွင် လုပ်ငန်းစွမ်းဆောင်ရည် ပိုမိုအရှိန်အဟုန် မြင့်မားစေရန် အစီအမံများကို အလေးထား ဆွေးနွေးကြရန်ဖြစ်ကြောင်း စသည်ဖြင့် အကျယ်တဝင့် ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ညွှန်ကြားရေးမှူးချုပ်များက ကဏ္ဍအလိုက်၊ ဌာနအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ICT ကျွမ်းကျင်မှုကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားရာတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို လိုအပ်သလို အသုံးချခြင်းဖြင့် လုပ်ငန်းဆောင်ရွက်ချက်များ ပိုမိုထိရောက်ထက်မြက်လာမည် ဖြစ်သကဲ့သို့ ဌာနနှင့်ဆက်သွယ်သူ ပြည်သူများအနေဖြင့်လည်း လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုမြန်ဆန်လာမည်ဖြစ်ကြောင်း၊ ထို့ပြင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် ပိုမိုမြင့်မားလာမည် ဖြစ်သဖြင့် ဌာနတာဝန်ခံများ၊ ICT ကျွမ်းကျင်မှုကော်မတီဝင်များ အားလုံးက အလေးထား ကြိုးပမ်းဆောင်ရွက်ကြရန် အကျယ်တဝင့် ပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ခံများ၊ ICTကျွမ်းကျင်မှု ကော်မတီဝင်များက တင်ပြရန်ရှိသည်များကို ဆွေးနွေးတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန နှစ်ချုပ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

တွံတေးအရှင်ကုဏ္ဍနက၏ တရားပွဲများ

ရန်ကုန် မတ် ၂၆

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း) ၅၁ ရပ်ကွက် မြဝတီမင်းကြီး (၁)လမ်း သိရီမင်္ဂလာ မဟာစည်ရိပ်သာကျောင်းတိုက်ဆရာတော် တွံတေးအရှင်ကုဏ္ဍနက (ဓမ္မကထိကဗဟုဇနဟိတဓရ) သည် ဧပြီ ၁၀ ရက်မှ ၁၉ ရက် အထိ ၁၀ ရက်တိုင် မွန်းလွဲ ၂နာရီတွင် သိရီမင်္ဂလာ မဟာစည်ရိပ်သာ မြောက်ဒဂုံ ဓမ္မသဘင်၌ လည်းကောင်း၊ ဧပြီ ၁၁ ရက် ဒေါပုံ ပြာသာဒ်ကျောင်းတိုက်၊ ၁၂ ရက် ည မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် ချမ်းသာအေးလမ်းမိသားစုဓမ္မသဘင်၊ ၁၃ ရက် ည ဒလ သမတကမ်းခြေ၊ ၁၄ ရက် ညနေ ၆နာရီ ပထမကျော်စာသင်တိုက် သဃ်န်းကျွန်းနှင့် ယင်းည ၈ နာရီ မြောက်ဥက္ကလာပ၊ ၁၅ ရက် ဧယျာအောင်မြေ မရမ်းကုန်းမြို့နယ် ၈ ရပ်ကွက်၊ ၁၆ ရက်ည ခတ္တိယ ထန်းတပင်မြို့နယ်၊ ၁၈ ရက်ည ကန်တော်ကလေး ၉၃လမ်း အောင်မင်္ဂလာဓမ္မာရုံ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ၁၉ ရက်ည ဣန္ဒာအပိုင်း ၄-ရပ်ကွက် မြောက်ဥက္ကလာပ၊ ၂၀ ရက် မွန်းလွဲ ၂ နာရီ သီရိမင်္ဂလာ မဟာစည်ရိပ်သာ မြောက်ဒဂုံ၊ ၂၁ ရက်ည သာယာဝတီ(၆)လမ်း ၁၀-တောင်ရပ်ကွက် သာကေတ၊ ၂၂ ရက်ည တောင်လုံးပြန် ရပ်ကွက်လုံးဆိုင်ရာ အထူးတရားပွဲ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ၂၃ ရက်ည မဇ္ဈိမပဋိပဒါ မဟာစည်ရိပ်သာ၊ ၂၄ ရက်ည လှိုင်သာယာ၊ ၂၅ ရက်ည စမ်းချောင်းမြို့နယ် ကံ့ကော်လမ်း၊ ၂၇ ရက် ည ကျိုက်ထိုမြို့နယ် ကျိုက်ထီးရိုးရင်ပြင်တော်၊ ၂၈ ရက်နှင့် ၂၉ ရက်ည မွန်ပြည်နယ် သထုံမြို့တို့တွင် ည ၇ နာရီ၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်သည်။ (က-ပ)

International Beverages Trading Co.,Ltd နှစ်ပတ်လည် ညစာစားပွဲကျင်းပ

ရန်ကုန် မတ် ၂၆

International Beverages Trading Co.,Ltd.က အောက်မြန်မာပြည်ရှိ Brand Communication Outlet (BCO) စားသောက်ဆိုင်များနှင့် စတိုးဆိုင်ပိုင်ရှင်များအား မတ် ၂၂ရက် ညပိုင်းတွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ နှစ်ပတ်လည် ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

နှစ်ပတ်လည်ညစာစားပွဲတွင် International Beverages Trading Co.,Ltd မန်နေဂျင်းဒါရိုက်တာ ဦးအောင်မိုးကျော်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး Lazy Club တေးဂီတအဖွဲ့နှင့် စတီရီယိုတေးသံရှင်များက ခေတ်ပေါ်တေးသီချင်းများ သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

အလားတူ International Beverages Trading Co.,Ltd.က အထက်မြန်မာပြည်ရှိ Brand Communication Outlet (BCO) စားသောက်ဆိုင်များနှင့် စတိုးဆိုင်ပိုင်ရှင်များအား မတ်၈ရက်ညပိုင်းတွင်မန္တလေးမြို့ရှိဆီဒိုးနားဟိုတယ်၌ နှစ်ပတ်လည် ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

International Beverages Trading Co.,Ltd.က အောက် မြန်မာပြည်ရှိ Brand Communication Outlet (BCO) စားသောက်ဆိုင်များနှင့် စတိုးဆိုင်ပိုင်ရှင်များအား တည်ခင်းဧည့်ခံသည့် နှစ်ပတ်လည် ညစာစားပွဲတွင် မန်နေဂျင်းဒါရိုက်တာ ဦးအောင်မိုးကျော် ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

International Beverages Trading Co.,Ltd.မှ ထုတ်လုပ်ဖြန့်ဖြူးသော ကုန်ပစ္စည်းများကို ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည့် စားသောက်ဆိုင်များနှင့် စတိုးဆိုင်ပိုင်ရှင်များအား တရားဝင် ကိုယ်စားလှယ်များအဖြစ် ကုမ္ပဏီနှင့် စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေး၊ ကောင်းမွန်သော ဆက်ဆံမှုတည်ဆောက်ရန်၊ လက်လီ/လက်ကားအရောင်းများနှင့် ကုန်သွယ်မှုများတွင် စီးပွားဖက်တစ်ဦးအနေဖြင့် တိုးတက်အောင်ဆောင်ရွက်ပေးရန်၊ ITBCမှ ထုတ်ကုန်များ၏ လုံခြုံမှုနှင့် ရောင်းချမှုကို ထိန်းသိမ်းဆောင်ရွက်ရာတွင် အတူပူးပေါင်းဆောင်ရွက်ရန်၊ စားသုံးသူများနှင့် ဖြန့်ဖြူးရောင်းချပေးသူများအား ကုမ္ပဏီ၏ ကုန်အမှတ်တံဆိပ်နှင့် စပ်လျဉ်း၍ ထိရောက်စွာ ဆက်သွယ်ဆောင်ရွက်ရန်စသည့်သဘောထားရည်မှန်းချက်များဖြင့် နှစ်ပတ်လည် ညစာစားပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

လှည်းကူးမြို့ ဥယျာဉ်ကျောင်းတိုက် သင်္ကြန် ၁၀ရက် တရားစခန်းပွဲ

ရန်ကုန် မတ် ၂၆

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် အောင်မင်္ဂလာရပ် ဥယျာဉ်ကျောင်း မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ခွဲ(၂၂၇)၏ (၆၂) ကြိမ်မြောက် ၁၀ ရက် တရားစခန်းပွဲကို ဧပြီ ၈ ရက်မှ ၁၇ ရက်အထိ ကျင်းပ မည်ဖြစ်သည်။

ဥယျာဉ်ကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တစန္ဒိမာက ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်းပဋိစ္စသမုပ္ပါဒ်တရားတော်များကို ဟောကြားဆုံးမမည်ဖြစ်ရာ တရားစခန်းဝင်လိုသူယောဂီများသည် ဧပြီ ၇ ရက် ညနေ ၅ နာရီ အရောက်လာရောက်ကြပါရန်နှင့်တရားစခန်းဝင်လိုသူများနှင့် အလှူဒါန ပြုလုပ်လိုသူများ ဖုန်း-၆၂၉၅၁၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

တိဘက်ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ၌ဖြစ်ပွားခဲ့သည့်ဖြစ်ရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သဘောထားထုတ်ပြန်

နေပြည်တော်   မတ်   ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် သမိုင်းတစ်လျှောက်လုံး အိမ်နီးချင်းကောင်းပီသမှု၊ အပြန်အလှန်နားလည်မှုနှင့် ဆွေမျိုးပေါက်ဖော်သဖွယ်ရင်းနှီးမှုတို့ကို အခြေခံသည့် အစဉ်အလာအရ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ထိန်းသိမ်းထားရှိကြသည်။

နှစ်နိုင်ငံအကြား ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးသည် တစ်နိုင်ငံ၏ ပြည်တွင်းရေးတွင် တစ်နိုင်ငံက ဝင်ရောက်မစွက်ဖက်ရေးဟူသော အရေးပါသော အခြေခံမူကြီးလည်း ပါဝင်သည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်ကို အခြေခံထားသည်။

သို့ဖြစ်၍ မကြာမီက တိဘက်ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ၌ ဖြစ်ပွားခဲ့သည့် ဖြစ်ရပ်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ပြည်တွင်းရေးသက်သက်သာဖြစ်သည်ဟု ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ အနေဖြင့် သဘောထားရှုမြင်သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရအနေဖြင့် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ၎င်း၏ ဉာဏ်အမြော်အမြင်ကြီးမားမှုဖြင့် အောင်မြင်စွာကျော်လွှားနိုင်ပြီး ပြည်တွင်းငြိမ်းချမ်းမှုနှင့် တည်ငြိမ်မှုကို ထိန်းသိမ်းနိုင်လိမ့်မည်ဟု မြန်မာနိုင်ငံက အပြည့်အဝယုံကြည်သည်။

ထို့အပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ အနေဖြင့် တိဘက်မှဖြစ်ရပ်များအား ပေကျင်းအိုလံပစ်အားကစားပွဲတော်နှင့် ဆက်စပ်ရန် ကြိုးပမ်းမှုမှန်သမျှကို နိုင်ငံတကာ အသိုင်းအဝိုင်းနှင့်အတူ ဆန့်ကျင်ကြောင်းကိုလည်း ဖော်ပြသည်။ (သတင်းစဉ်)

ရွှေတိဂုံပုံတူပွားစေတီတော်၏ ထီးတော်ကို ပူဇော်ခံမည်

ရန်ကုန် မတ် ၂၆

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မုပ္ပလင်စံပြကျေးရွာ ရွှေဂူကုန်းကျောင်း၌ တည်ထားကိုး ကွယ်မည့် ဉာဏ်တော် ၇၅ပေရှိ ရွှေတိဂုံပုံတူစေတီတော်၏ ထီးတော်ကို ရွှေတိဂုံဘုရားလမ်း၊ တောင်ဘက်မုခ်ရှိ ရွှေကျင်မြို့နယ် အသင်း (ရန်ကုန်)မဏ္ဍပ်၌ ဧပြီ ၁ရက်မှ ၇ရက်အထိ နေ့စဉ် နံနက် ၆နာရီမှ ည ၈နာရီအထိ ပူဇော်ခံမည်ဖြစ်ပါ၍ မည်သူမဆို လာရောက်ဖူးမြော်နိုင်ကြောင်းနှင့် ဖုန်း ၀၁-၂၄၁၈၃၀သို့ ဆက်သွယ် မေးမြန်းနိုင်ကြောင်း ထီးတော် ဖြစ်မြောက်ရေးအဖွဲ့က နှိုးဆော်ထားသည်။ (က-ပ)

သန်လျင်သာသနာ့ဗိမာန်တော်ကြီးဖွင့်ပွဲနှင့် ရေစက်ချပွဲကျင်းပမည်

ရန်ကုန်   မတ်   ၂၆

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ သာသနာ့ကျက်သရေဆောင် မဟာ အတုလ သဒ္ဓမ္မရံသီ သာသနာ့ဗိမာန်တော်ကြီးဖွင့်ပွဲနှင့် ရေစက်ချမင်္ဂလာ အခမ်းအနားကို ဧပြီ ၆ရက် တနင်္ဂနွေနေ့ နံနက် ၈နာရီတွင် သန်လျင်မြို့ ကျိုက်ခေါက်ဘုရားလမ်းနှင့် သမဝါယမဒီဂရီကောလိပ်လမ်းထောင့်ရှိ သာသနာ့ဗိမာန်တော်ကြီး၌ စည်ကားခမ်းနားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

(အပေါ်ပုံ)

ယင်းသာသနာ့ဗိမာန်တော်ကြီးဖွင့်ပွဲ၊ ရေစက်ချပွဲနှင့် အတူ ညနေ ၅နာရီတွင် နိဗ္ဗာန်ဈေးပွဲတော်ကျင်းပမည်ဖြစ်ရာ ရပ်နီး ရပ်ဝေးမှ သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရေးတွင် လှူဒါန်းထားကြသည့် အလှူရှင်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ (မပျက်မကွက်) ကြွရောက်ကြရန် တည်ဆောက်ရေး အုပ်ချုပ်မှု ကော်မတီက ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ (၅၂၇)

ရန်ကုန်ဆရာအတတ်သင်သိပ္ပံ(ကံဘဲ့) ရန်ကင်းပညာရေးကောလိပ် သတ္တမအကြိမ် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန်   မတ်   ၂၆

ရန်ကုန် ဆရာအတတ်သင်သိပ္ပံ(ကံဘဲ့) ရန်ကင်းပညာရေးကောလိပ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ် အာစရိယပူဇော်ပွဲကို မေ ၁ ရက်(ကြာသပတေးနေ့) နံနက် ၉ နာရီတွင် အဆိုပါကောလိပ်၌ ကျင်းပမည်ဖြစ်ရာ သိပ္ပံဖွင့်လှစ်ခဲ့သည့် ၁၉၄၇ ခုနှစ်မှစ၍ ယနေ့အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)ပြည့် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံကြွရောက်ပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ (ပညာရေးကောလိပ်သင်တန်းဆင်းများအပါအဝင်)သည် ဦးနု ဖုန်း-၆၃၈၃၅၅၊ ဦးသာအောင်ကျော် ဖုန်း-၃၉၆၃၁၂၊ ဦးမဲအောင် ဖုန်း-၀၉ ၅၁ ၄၉၇၉၄၊ ဦးလှထွန်း ဖုန်း-၅၄၈၉၇၉၊ ဦးအောင်ချိန် ဖုန်း-၀၂ ၆၄၆၁၄၊ ဦးအေးလွင် ဖုန်း-၂၁၂၉၆၉/၄၀၁၊ ဒေါ်အေးအေးစိုး ဖုန်း-၀၆၇ ၄၀၇၃၉၅၊ ဦးရန်နောင် ဖုန်း-၆၄၄၀၉၈၊ ဒေါ်ယဉ်ယဉ်နွဲ့ ဖုန်း-၅၆၁၅၆၅၊ ဦးသိန်းလွင် ဖုန်း-၅၅၅၈၆၉၊ ဦးကြည်ဝင်း ဖုန်း-၇၂၀၂၆၉၊ ဦးကျော်တင့် ဖုန်း-၅၇၁၃၄၀၊ ဦးစိုးတင့် ဖုန်း-၃၈၉၆၄၇နှင့် ဦးကျော်ဒွေး တို့သို့လည်းကောင်း၊ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းပညာနှင့် ဦးစီးဌာနများမှတစ်ဆင့်လည်းကောင်း၊ ဧပြီ ၂၅ ရက်(သောကြာနေ့) နောက်ဆုံးထား၍ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်သွယ်ပေးပို့ လှူဒါန်းနိုင်ကြကြောင်း သိရသည်။ (ကြေးမုံ)

မတ် ၂၄ရက်က သဃ်န်းကျွန်းမြို့နယ် ဇဝနအိမ်ရာနေ ဦးဝင်းမောင်တင်၊ ဒေါ်သန်းအေး၊ ဆရာမဒေါ်ဆွေဆွေဝင်း(အီးတီ)၊ ဦးထွန်းအောင်၊ ဒေါ်သီသီဝင်း မိသားစုတို့က စံပြဆေးရုံကြီး ဖျားနာကုသဆောင်သို့ ငွေကျပ်လေးဆယ့်ငါးသိန်း ခြောက်သောင်း တန်ဖိုးရှိ အရေးပေါ်နှလုံးနှိုးစက် လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဖြူဖြူလက်ခံယူစဉ်။ (ခရိုင် ပြန်/ဆက်)

ကာဝဆရာတော် တရားပွဲ

ရန်ကုန် မတ် ၂၆

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ် ၅ရပ်ကွက် ဖြူးဆရာတော်၏တပည့် ကဝ-အရှင်ဝဏ္ဏိသရ၊ အစိုးရဓမ္မာစရိယ၊ ဝိနယဝိဒူ၊ ကမ္မဋ္ဌာနာစရိယ ဖြူးမဟာစည် နယ်လှည့်ဓမ္မကထိက အရှင် သူမြတ်သည် မတ် ၃၀ရက်တွင် ကဝမြို့နယ်၊ ကံလှရွာ ကိုလှမြင့်-မနွဲ့ကြည် အလှူဓမ္မသဘင်၌လည်းကောင်း၊ မတ် ၃၁ရက်နှင့် ဧပြီ ၁ရက်တို့တွင် ကဝမြို့နယ်၊ အောင်ဆုပန်ရွာ ကိုဝင်းရှိန်-မသန်းသန်းဆင့်တို့၏ ဓမ္မသဘင်၌ လည်းကောင်း၊ ဧပြီ ၄ရက်နှင့် ၅ရက်တို့တွင် ခရမ်းမြို့နယ်၊ သက္ကာယ်ကုန်းရွာ၊ ကိုအောင်ခိုင်-မအေးသန်းဆွေတို့၏ ဓမ္မသဘင်၌ လည်းကောင်း ညစဉ် ၇နာရီတွင် ဟောကြားမည် ဖြစ်ကြောင်းသိရသည်။ (က-ပ)

အောင်ဆန်းမိုးကုတ်ဂိပ်သာ တရားစခန်းပွဲ

ရန်ကုန် မတ် ၂၆

အင်းစိန်မြို့နယ် အောင်ဆန်းမြို့ တောရတပ်ဦးကျောင်း မိုးကုတ် ဝိပဿနာ ဓမ္မရိပ်သာ အဖွဲ့ခွဲ (၇၇)တွင် ဧပြီ ၁ရက်မှ ၇ရက်အထိဖွင့်လှစ်မည့် (၁၁၄)ကြိမ်မြောက် တရားစခန်းပွဲ၌ ယောဂီ ၁၄၀၀ ကျော်၊ ဧပြီ ၁၁ရက်မှ ၂၀ရက်အထိ ဖွင့်လှစ်မည့် ၁၁၅ ကြိမ်မြောက် သင်္ကြန်တရားစခန်းပွဲ၌ ယောဂီ ၂၀၀၀ ကျော် တရားစခန်း ဝင်ရောက်ရန် စာရင်းပေးသွင်းထားရာ ညအိပ် ယောဂီများ လက်မခံတော့ဘဲ နေ့ယောဂီများသာ လက်ခံလျက်ရှိကြောင်းနှင့် တရားစခန်းပွဲတွင် ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ အရှင်သူမြတ်က ပဋိစ္စသမုပ္ပါဒ် သစ္စာတရားတော်များကို ဟောကြားပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (က-ပ)

မိုးကုတ် ဝိပဿနာ တရားစခန်းပွဲ

ရန်ကုန်   မတ်   ၂၆

တစ်ဘဝ သာသနာကျမ်းပြုဆရာတော် ဦးဃောသိတ၏ မိုးကုတ်ဝိပဿနာ တရားစခန်းပွဲကို ဧပြီ ၁၁ရက်မှ ၁၇ရက်အထိ သံဃာ့တက္ကသိုလ် (ရန်ကုန်)၌ ဖွင့်လှစ်မည်ဖြစ်ရာ ဆရာတော်၏ တပည့်များ၊ တရားစခန်းဝင်ရောက်လိုသော ယောဂီများသည် ဧပြီ ၁၀ရက် ညနေ အရောက်လာရောက်ကြရန် နှိုးဆော်ထားပြီး ယင်းတရားစခန်းပွဲတွင် ယောဂီ ၁၅၀သာ လက်ခံမည်ဖြစ်၍ အသေးစိတ် သိလိုပါက ဖုန်း-၀၁-၆၆၃၄၆၉ သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

မတ် ၂၄ရက်က ဗဟန်းမြို့နယ် ကြားတောရရပ်ကွက် ဘင်္ဂလားတိုက်ကျောင်းမှ သာသနာပြု ဆရာတော် ဦးအာဒိစ္စဝံသ၏ သက်တော်(၈၈)နှစ်ပြည့် ဝိဇာတမင်္ဂလာအတွက် အလှူတော်ငွေကျပ် ၁၁သိန်း တစ်သောင်းကို သီရိသုဓမ္မသင်္ဂီ၊ အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီဆရာမကြီး ဒေါ်အေးအေးခန့်နှင့်သား မောင်အောင်နိုင်ဦး၊ မောင်အောင်သန်းကျော်နှင့် သမီးမအေးမြခိုင်မိသားတစ်စု တို့က ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၇-၃-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- **၇:၅၅** ၈။ အမျိုးသားရေးတေးကဗျာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ အမျိုးသားရေးတေးကဗျာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၂၀** ၃။ အမျိုးသားရေးတေးကဗျာ
- **၄:၃၀** ၄။ မြန်မာသံစဉ် ချိုနားဝင်
- **၄:၄၅** ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၅၀** ၆။ အမျိုးသားရေးတေးကဗျာ
- **၅:၂၀** ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- **၅:၃၀** ၈။ မြတ်နိုးကြစေ အမျိုးသားအမွေ
- **၅:၄၅** ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၁။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၂။ **ကာတွန်းအစီအစဉ် ငါးကလေးရဲ့စွန့်စားခန်း (အပိုင်း-၃၄)**
- **၆:၃၅** ၁၃။ အမျိုးသားရေးတေးကဗျာ
- **၆:၄၀** ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ပုံရိပ်ပမာ” (အပိုင်း-၈၄)**
- **၈:၀၀** ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ ကုန်သွယ်သုတ
- ၂၀။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ဘဝဇာတ်ခုံ” (အပိုင်း-၄)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

အထက(၁)ဒဂုံ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန်   မတ်   ၂၆

၂၀၀၆-၂၀၀၇ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့ကြသည့် အထက(၁) ဒဂုံမှ ကျောင်းသား၊ ကျောင်းသူများ၏ အာစရိယပူဇော်ပွဲကို ဧပြီ ၁ရက် (အင်္ဂါနေ့) နံနက် ၉နာရီတွင် အထက(၁)ဒဂုံရှိ ဒဂုံသီရိခန်းမ၌ ကျင်းပမည်ဖြစ်၍ ကျောင်းသား၊ ကျောင်းသူများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများ ပါဝင်လှူဒါန်းလိုသူများသည် ထူးအောင်မြင့် ဖုန်း-၀၉၅၁၄၀၈၁၅၊ သတိုးကျော် ဖုန်း-၀၉၅၁၂၄၄၄၄၊ ကောင်းမြတ်ထူးကြည် ဖုန်း-၀၉၅၀၀၁၆၆၉၊ နေခြည်လင်းလဲ့ ဖုန်း-၀၉၈၀၃၄၂၆၇၊ အေးမွန်သူ ဖုန်း-၀၉၅၁၁၇၉၈၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၈ ခုနှစ် မတ်လအတွက် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)
(၃၀-၃-၂၀၀၈)ရက်နေ့
၂၀၀၈ ခုနှစ် ဧပြီလ အတွက်
(၁၃-၄-၂၀၀၈) ရက်နေ့ နှင့်
(၂၇-၄-၂၀၀၈) ရက်နေ့

ဆုချီးမြှင့်

ရန်ကင်းမြို့နယ် အမက(၉) ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၇ရက်က ကျင်းပရာ သူငယ်တန်းမှ ဒုတိယတန်းအထိ သုံးနှစ်ဆက်တိုက် ပထမဆုရရှိသူ မောင်ထက်အောင်နိုင်လှိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မာမာက ဆုချီးမြှင့်စဉ်။ (ပညာရေး)

မီးကြွင်းမီးကျန်မရှိရန် ကျင့်ကြံသတိ အမြဲရှိ

လက်ဘနွန်သမ္မတ ရွေးချယ်ရေး (၁၇)ကြိမ်မြောက်ရက်ရွှေ့ဆိုင်း

ဘေရွတ် မတ် ၂၅

လက်ဘနွန်နိုင်ငံ ပါလီမန်ဥက္ကဋ္ဌ နာဘီဘာရီသည် အင်္ဂါနေ့တွင် ကျင်းပမည့် လက်ဘနွန်သမ္မတ ရွေးချယ်ရေး ပါလီမန် အစည်းအဝေးကို ဧပြီ ၂၂ ရက်အထိ ရွှေ့ဆိုင်းလိုက်ကြောင်း ပြည်တွင်း အမ်ဘီအမ်တီဗွီက ကြေညာသည်။

စက်တင်ဘာ ၂၅ ရက်မှတွက်လျှင် ဤရွှေ့ဆိုင်းမှုသည် ၁၇ ကြိမ်မြောက် ရွှေ့ဆိုင်းခြင်းဖြစ်သည်။

ဥက္ကဋ္ဌ ဘာရီက အပြုသဘောဆောင်သည့် တိုးတက်မှုရရှိစေရန် ပါလီမန် အစည်းအဝေးကို ဆောလျင်စွာ ကျင်းပမှာဖြစ်ကြောင်းကြေညာချက်တွင် ဖော်ပြထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဒစ်ချေနီ၏ကြေညာချက် ဟားမတ်စ်ဝေဖန် ဘက်လိုက်သောကြေညာချက်ဖြစ်၍ ပြင်းထန်စွာရှုတ်ချ

ဂါဇာ မတ် ၂၅

ဂါဇာကမ်းမြောင်ဒေသမှ ဟားမတ်စ် လှုပ်ရှားမှုအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူက အစ္စရေးနှင့် ပါလက်စတိုင်း ပြဿနာအပေါ် အမေရိကန်ဒုတိယ သမ္မတဒစ်ချေနီ၏ ကြေညာချက်မှာ ဘက်လိုက်သောကြေညာချက် ဖြစ်သည်ဟု စနေနေ့က ပြင်းထန်စွာဝေဖန် ရှုတ်ချလိုက်သည်။

အစ္စရေးနိုင်ငံသည်မိမိနိုင်ငံကိုဖျက်ဆီးပစ်မည်ဟု သန္နိဋ္ဌာန်ချထားသောသူများ၏ရန်မှ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ရန် အခွင့်အရေးရှိကြောင်း၊ အမေရိကန် အနေဖြင့် အစ္စရေးနိုင်ငံ၏ လုံခြုံရေးကို ခိုင်မာစွာ အာမခံချက် ဆက်လက်ပေးထားမှာဖြစ်ကြောင်း၊ ဖိအားပေးမှာ မဟုတ်ကြောင်း ဒစ်ချေနီက စနေနေ့တွင် ပြောကြားသည်။

အတည်ပြုချက်ပေး

ဒစ်ချေနီ၏ ကြေညာချက်သည် အစ္စရေးနိုင်ငံက ပါလက်စတိုင်းတို့ နယ်မြေအား သိမ်းယူခြင်းနှင့် ပါလက်စတိုင်း ပြည်သူတို့အပေါ် ရာဇဝတ်မှု ကျူးလွန်ခြင်းတွင် အမေရိကန် အုပ်ချုပ်သူများက အပေါင်းပါဖြစ်ကြောင်း အတည်ပြုချက် ပေးလိုက်ခြင်းဖြစ်သည်ဟု ဟားမတ်စ် ၏ ပြောရေးဆိုခွင့်ရှိသူက သတင်းထောက်များကို ပြောသည်။

၎င်းက ဒစ်ချေနီကြေညာချက်သည် ပါလက်စတိုင်းပြည်သူများအတွက် မမျှတသော ဘက်လိုက်မှု ဖြစ်သည်ဟု ပြောကြားလိုက်ပြီး ဂါဇာကမ်းမြောင် ဒေသတွင် ကြီးမားစွာ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်း ဖြစ်ပေါ်လာရန် သွေးထိုးလှုံ့ဆော်မှု ဖြစ်နိုင်သည်ဟု သတိပေးလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဟောင်ကောင်ဆိပ်ကမ်းတွင် နစ်မြုပ်သွားသော သင်္ဘောအတွင်း ပိတ်မိနေသည့် သင်္ဘောသား ၁၈ ဦးကို ကယ်တင်နိုင်ရန် ကြိုးပမ်းနေသော ကယ်ဆယ်ရေးအဖွဲ့များကို မတ် ၂၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

စစ်လက်နက်ပစ္စည်းများ ရောင်းချရန် ဆားဗီးယားနှင့် အီရတ်သဘောတူ

ဘဲလ်ဂရိတ် မတ် ၂၅

ဆားဗီးယားနိုင်ငံသည် အမေရိကန် ဒေါ်လာ ၂၃၅ သန်းတန်ဖိုးရှိ လက်နက်များနှင့် စစ်လက်နက်ပစ္စည်းများ တင်ပို့ရန် အီရတ်နိုင်ငံနှင့် သဘောတူညီမှု တစ်ရပ်ကို ရရှိကြောင်း ဆားဗီးယားနိုင်ငံ ကာကွယ်ရေးဝန်ကြီး ဒရာဂန်ဆူတာနိုဗေ့က တနင်္လာနေ့တွင် ပြောကြားသည်။

လွန်ခဲ့သည့်လများက ဆားဗီးယားနိုင်ငံသို့ အီရတ် ကာကွယ်ရေးဝန်ကြီးဌာန ကိုယ်စားလှယ်များ အလည်အပတ် နှစ်ကြိမ်ရောက်ရှိပြီး စာချုပ်ချုပ်ဆိုခဲ့ကြောင်း ဆူတာနိုဗေ့က ပြောကြားသည်။

အီရတ်နိုင်ငံသို့ တင်ပို့ရောင်းချမည့် လက်နက်များမှာ မောင်းပြန်ရိုင်ဖယ်များ၊ စက်သေနတ်များ၊ တင့်ကားဖျက် ဒုံးလက်နက်များနှင့် ပေါက်ကွဲနိုင်သော လက်နက်ခဲယမ်းပြုလုပ်သည့် ပစ္စည်းများပါဝင်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂျာမနီနိုင်ငံ ဘာလင်မြို့တွင်စစ်ဆန့်ကျင်ရေးဆန္ဒပြနေသူများကို မတ် ၂၄ရက်ကတွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဗီယက်နမ်၌ ရိက္ခာသီးနှံ ထုတ်လုပ်ရေး ထိခိုက်နိုင်ခြေရှိ

ဟန်နွိုင်း မတ် ၂၅

ဗီယက်နမ်နိုင်ငံတွင် လျင်မြန်သော အဟုန်ဖြင့် မြို့ပြထွန်းကားလာခြင်းနှင့် စက်မှုလုပ်ငန်းများ ထွန်းကားလာခြင်းသည် စားသောက်ကုန် ဖူလုံရေးကို ထိခိုက်လာလျက်ရှိကြောင်း ပြည်တွင်းသတင်းစာ ဗီယက်နမ်နယူးက တနင်္လာနေ့တွင် ရေးသားလိုက်သည်။

မြေဩဇာကောင်းမွန်သော လယ်ယာမြေများကို လူနေမြို့ပြအသွင်သို့ လည်းကောင်း၊ စက်မှုဇုန်များ အဖြစ်သို့ လည်းကောင်း ပြောင်းလဲစေရန် ခွင့်ပြုမှုများပြားလာခြင်းသည်အစားအသောက် ပြည့်စုံရေးအား ထိခိုက်လျက်ရှိသော အဓိကအကြောင်းအရာ ဖြစ်ကြောင်း ဗီယက်နမ် စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီး ကေအိုဒတ်ဖန်၏ ပြောကြားချက်ကိုကိုးကား၍သတင်းစာတွင် ဖော်ပြခြင်းဖြစ်သည်။

လယ်ယာမြေဟက်တာ ၅၀၀၀၀၀ ကျော်ကို ၂၀၀၁ ခုနှစ်မှ ၂၀၀၇ ခုနှစ်အတွင်း ပြောင်းလဲခဲ့သည်ဟု သဘာဝအရင်းအမြစ်နှင့် ပတ်ဝန်းကျင်ဝန်ကြီးဌာနမှ စာရင်းဇယားများကို ရည်ညွှန်းကိုးကား၍ ၎င်းဝန်ကြီးက ပြောကြားခြင်းဖြစ်သည်။

၎င်း၏ဝန်ကြီးဌာနသည် ပြည်နယ်ပေါင်း ၁၆ ပြည်နယ်ကျော်ကို လေ့လာခဲ့ရာတွင် ပြောင်းလဲထားပြီးသော မြေ၏ ၈၉ ရာခိုင်နှုန်းသည် တစ်ချိန်က စပါးစိုက်ပျိုးသော လယ်မြေများ ဖြစ်ကြောင်း တွေ့ရှိရသည်ဟု ဝန်ကြီးက ဆက်လက်ပြောကြားသည်။

ထိုကဲ့သို့ လျင်မြန်စွာ မြို့ပြကျယ်ပြန့်လာခြင်းနှင့် စက်မှုလုပ်ငန်း ထွန်းကားလာခြင်းသည် မြေဩဇာကောင်းသော လယ်ယာမြေများ သိသာစွာ ဆက်လက်လျော့ပါးလာလိမ့်မည်ဟု မျှော်လင့်ကြောင်း၊ အကျိုးဆက်အဖြစ် တစ်နှစ်လျှင် ဆန်တန်ချိန် တစ်သန်းကျော် လျော့လာမှာ ဖြစ်ကြောင်း၊ ငါးနှစ်ကြာလျှင် ယခုနိုင်ငံခြားသို့ ရောင်းချနေသော ဆန်တန်ချိန် အရေအတွက်နှင့်ညီမျှလာမှာဖြစ်ကြောင်း၊ ဤအချက်ကို ဆန်းစစ်လျှင်ပို့ကုန်အတွက် အပိုဆန်ရှိတော့မည် မဟုတ်ကြောင်းထို့ကြောင့်နိုင်ငံ၏ အစားအစာ ဖူလုံရေးကို ထိခိုက်လာမည် ဖြစ်ကြောင်း ဝန်ကြီးက ရှင်းပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘရာဇီး၌ သွေးလွန်တုပ်ကွေးရောဂါ တိုက်ဖျက်ရေးတွင် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့များ ကူညီပံ့ပိုးမည်

ဘရာဆီးလီးယား မတ် ၂၅

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့တွင် သွေးလွန်တုပ်ကွေးရောဂါ တိုက်ဖျက်ရေးလုပ်ငန်းကို ဘရာဇီးတပ်ဖွဲ့က ကူညီပံ့ပိုးလျက်ရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ရက်သတ္တပတ်ကုန်တွင် ပြောကြားသည်။ နိုင်ငံတွင်း၌ ယခုနှစ်တွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်သွားသူ ၃၀၀၀၀ ကျော်ရှိပြီး ၄၉ဦးသေဆုံးခဲ့သည်။ ရီယိုဒီဂျေနေးရိုးမြို့ မြောက်နှင့်အနောက်ပိုင်းဒေသများရှိ ပြည်သူ့ဆေးရုံများ၌ ရက်သတ္တပတ်ကုန်က သွေးလွန်တုပ်ကွေးကုသရန် လာရောက်သည့် လူနာများ ပြည့်လျှံလျက်ရှိသည်။ ပြုစုစောင့်ရှောက်မှုပေးရာတွင် နှောင့်နှေးမှုများရှိသည့်အတွက် မကျေနပ်သံများ ထွက်ပေါ်လာသည်ကို ကြားသိရသည်။

ကြည်း၊ ရေ၊ လေ တပ်ဖွဲ့များမှ ဦးစီးမှူးများသည် ဆိပ်ကမ်းနှင့် အပန်းဖြေမြို့ဖြစ်သော ရီယိုဒီဂျနေးရိုးတွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအစီအစဉ်များကို ရေးဆွဲတင်ပြကြမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး နယ်လဆင်ဂျိုဆင်က ပြောကြားသည်။ ရီယိုဒီဂျနေးရိုးမြို့တွင် ရောဂါကာကွယ်တိုက်ဖျက်ရေးအတွက် စစ်ဘက်အနေဖြင့် ရှေ့တန်းဆေးရုံများကို ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။ တုပ်ကွေးရောဂါကြောင့် ၁၂နှစ်အရွယ် ယောကျ်ားကလေးတစ်ဦးသေဆုံးခဲ့သည်ဟု ကျန်းမာရေးဌာန တာဝန်ရှိသူများက မတ် ၂၃ရက်တွင် အတည်ပြုပြောကြားသည်။ ယခုနှစ်တွင် တုပ်ကွေးရောဂါကြောင့် နိုင်ငံ၌ ပြည်သူ ၄၉ ဦး သေဆုံးခဲ့ကြောင်း ဂလိုဘိုသတင်း အွန်လိုင်း၌ တင်ပြထားသည်။ ယခုနှစ်တွင် တုပ်ကွေးရောဂါဖြစ်သူ ၃၀၀၀၀ ကျော်ရှိကြောင်း တုပ်ကွေးရောဂါသည် ကူးစက်ရောဂါဖြစ်ကြောင်း ကျန်းမာရေးဌာန တာဝန်ရှိသူများ၏ ပြောကြားချက်ကို ဖိုလ်ဟာဒီဆာအို ပေါ်လိုသတင်းစာ၌ ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ။

ချုံခိုတိုက်ခိုက်ခံရ၍ ပီရူးရဲအရာရှိ သေဆုံး

လီမာ မတ် ၂၅

ပီရူးနိုင်ငံ ကိုကာစိုက်ပျိုးသောဒေသတွင် သူပုန်ဟုယူဆရသူများက ချုံခိုတိုက်ခိုက်သဖြင့် ရဲအရာရှိတစ်ဦး သေဆုံးပြီးခြောက်ဦးဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က စနေနေ့တွင် ပြောကြားသည်။

ပီရူးနိုင်ငံမြို့တော်၏ အရှေ့တောင်ဘက် မိုင် ၃၆၀ အကွာ၌ ကွန်မြူနစ်ဝါဒီ ရှိုင်းနင်းပတ် သူပုန်အုပ်စု လှုပ်ရှားသော အရာကူချိုဒေသတွင် တနင်္ဂနွေ နှောင်းပိုင်း၌ ရဲအရာရှိများ ကင်းလှည့်နေစဉ် အတိုက်ခံရခြင်းဖြစ်သည်။

ရဲအရာရှိ မာရီဆဲလားဆိုလီယာသည် ရှိုင်းနင်းပတ်သူပုန်အုပ်စုအကြွင်းအကျန်တို့၏ လုပ်ကြံခြင်း ခံလိုက်ရခြင်းဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားသည်။သူပုန်အများစုသည်နိုင်ငံရေးခံယူချက်များ စွန့်လွှတ်ပြီး မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းချလျက် ရှိသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အမေရိကန်လေကြောင်း တိုက်ခိုက်မှုကြောင့် အီရတ် အရပ်သား ၁၂ ဦး သေဆုံး

ဘဂ္ဂဒက် မတ် ၂၅

အီရတ်နိုင်ငံ၏ တည်ငြိမ်မှုမရှိသော ဒီရာလာပြည်နယ်ရှိ ဘာလာဒရုဇ်မြို့တွင် မတ် ၂၃ ရက် နံနက်ပိုင်းက အမေရိကန်ရဟတ်ယာဉ်များမှ ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သား ၁၂ဦး သေဆုံးပြီး ငါးဦးဒဏ်ရာရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

သေကြေဒဏ်ရာရရှိသူအများစုမှာ အမျိုးသမီးများနှင့် ကလေးများဖြစ်သည်။ ၎င်းတို့ တိုက်ခိုက်မှုကြောင့် အိမ်များဆိုးရွားစွာ ပျက်စီးခဲ့သည်။ အခင်းဖြစ်ပွားရာသို့ အီရတ်လုံခြုံရေးတပ်ဖွဲ့များနှင့် ကယ်ဆယ်ရေးအဖွဲ့များက အလျင်အမြန်သွားရောက်ခဲ့ပြီး ဒဏ်ရာရရှိသူများကို ဒေသဆေးရုံသို့ တင်ပို့ခဲ့သည်။

အမေရိကန်နှင့် အီရတ်တပ်ဖွဲ့များက ပြီးခဲ့သည့်လအတွင်း ဒီရာလာပြည်နယ်၌ အယ်လ်ခိုင်ဒါစစ်သွေးကြွများကို စစ်ဆင်ရေးများ ဆက်တိုက်ပြုလုပ်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်နိုင်ငံ အာကင်ဆောဒေသတွင် ရေကြီးနေသဖြင့် မွေးမြူရေးတိရစ္ဆာန်များအား ရွှေ့ပြောင်းနေသည်ကို မတ် ၂၄ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မက်ကိန်းသာ အမေရိကန်သမ္မတဖြစ်လာလျှင် ဗင်နီဇွဲလားနှင့် ဆက်ဆံရေးပို၍ဆိုးလာနိုင်ဟု ချာဗက်ပြောကြား

ကရာကတ်စ် မတ် ၂၆

အမေရိကန်နိုင်ငံတွင်ကျင်းပမည့် ယခုနှစ်သမ္မတရွေးပွဲတွင် ရီပတ်ဘလီကန်ပါတီမှ ဂျွန်မက်ကိန်းသာအနိုင်ရရှိပြီး သမ္မတဖြစ်လာလျှင် ဗင်နီဇွဲလားနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့၏ ဆက်ဆံရေးသည် ပို၍ဆိုးရွားလာနိုင်သော အခြေအနေရှိသည်ဟု ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်က မတ် ၂၅ ရက်တွင် သတင်းထောက်များအား ပြောကြားသည်။

ချာဗက်က မက်ကိန်းသည် စစ်လိုလားသူဖြစ်သည်ဟု စွပ်စွဲပြောကြားသည်။ လက်ရှိအမေရိကန်သမ္မတဘုရှ်သည် လက်တင်အမေရိကဒေသကို ကိုလိုနီအသွင်ဖြင့် စိုးမိုးရန် ကြိုးပမ်းနေသည်။ မိမိအားလည်း ဖြုတ်ချရန် အားထုတ်နေသည်ဟု ချာဗက်က ပြောကြားလိုက်သည်။

ထိုသို့ အမေရိကန်နှင့် ဆက်ဆံရေး မပြေမလည်ဖြစ်နေသော်လည်း ဗင်နီဇွဲလားသည် ယခုတိုင်အောင် အမေရိကန်သို့ ရေနံအများအပြားရောင်းချပေးနေသော အဓိက နိုင်ငံတစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။

အမေရိကန်က ဦးဆောင်၍ ဆင်နွှဲနေသော အီရတ်နှင့် အာဖဂန်စစ်ပွဲများကိုလည်းချာဗက်ကအစဉ်တစိုက် ဝေဖန်နေသူဖြစ်သည်။***အမ်အင်အေ၊ရိုက်တာ။***

အပြည်ပြည်ဆိုင်ရာ တိုးချဲ့လေဆိပ်သစ်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ အပြည်ပြည်ဆိုင်ရာ တိုးချဲ့လေဆိပ်သစ် လေယာဉ်ရပ်နားရာအဆောင်ကို မတ်၂၆ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာရေးရာ သတင်းများ

အီရတ်နိုင်ငံ ဘာဆရာမြို့တွင် တိုက်ခိုက်မှုပြန်လည်ဖြစ်ပွားလျက်ရှိရာ ရဲတပ်ဖွဲ့ဝင်များလုံခြုံရေးဆောင်ရွက်နေကြသည်ကို မတ် ၂၆ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ဘာဆရာမြို့တွင် ညမထွက်ရအမိန့် ထုတ်ပြန်

ဘာဆရာ(အီရတ်) မတ် ၂၅

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆရာတွင် အီရတ်တပ်ဖွဲ့ဝင်များနှင့် မီဒီအရပ်ဘက် လက်နက်ကိုင်တပ်ဖွဲ့ဝင်များ တိုက်ခိုက်မှုကြောင့် အီရတ်အာဏာပိုင်များက ယင်းဒေသတွင် နောက်ထပ်တစ်စုံတစ်ရာ အမိန့်ထုတ်ပြန်ခြင်းမရှိမီအထိ ညမထွက်ရအမိန့်ကို ထုတ်ပြန်ခဲ့သည်။

ဥပဒေထိန်းသိမ်းရေးနှင့် ပြစ်မှုကျူးလွန်သူများ လိုက်လံဖမ်းဆီးရေးအတွက် ယနေ့ညမှစတင်၍ ည ၁၀ နာရီမှ နံနက် ၆ နာရီအတွင်း ညမထွက်ရအမိန့်ကို ဘာဆရာမြို့တွင် ထုတ်ပြန်ခဲ့သည်ဟု ဒုတိယဗိုလ်ချုပ်ကြီး ဘယ်လ်ဖူရိုင်ဂျီက ပြောကြားသည်။

အနီးအနားပြည်နယ်မှ ဘာဆရာသို့ အသွားအလာကို ယာယီအားဖြင့် ဗုဒ္ဓဟူးနေ့မှ သောကြာနေ့မတိုင်မီအထိ ညနေပိုင်းတွင် ပိတ်ပင်ထားမည်ဟု အာဏာပိုင်များက ပြောကြားသည်။

စာသင်ကျောင်းများနှင့် တက္ကသိုလ်များကိုလည်း ပိတ်ထားမည်ဖြစ်သည်။

အီရတ်ရှီးယိုက် ဘာသာရေးခေါင်းဆောင် အယ်လ်ဆာဒါ၏ အရပ်ဘက်လက်နက်ကိုင်တပ်ဖွဲ့ဝင်များက ဘဂ္ဂဒက်မြို့တော်အနီးအပါး နေရာအချို့ရှိ ဈေးဆိုင်များကို ပိတ်ထားရန် အမိန့်ထုတ်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ထိုင်းလယ်သမားများ စပါးသူခိုးကြောင့် လယ်ကွင်းများတွင် စောင့်ကြပ်အိပ်နေရ

ဖန်ကောက် မတ် ၂၆

တောင်သူ လယ်သမားများ၏ သီးနှံဂိုထောင်များမှ စပါးများလွန်ခဲ့သည့်ရက်သတ္တပတ်က ခိုးယူခံခဲ့ရပြီးနောက် ဆန်စပါးဈေးတက်မည်ဟု ကောလာဟလများ ထွက်ပေါ်ခဲ့မှုကြောင့် ထိုင်းစပါးစိုက်လယ်သမားကြီးများသည် ၎င်းတို့၏စပါးစိုက်ခင်းများကို စောင့်ကြပ်နေကြပြီး သီးနှံများကို အမြန်သယ်ယူလျက်နေကြကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက တနင်္လာနေ့တွင်ပြောကြားသည်။

ဖန်ကောက်မြို့တော်၏ အရှေ့မြောက်ပိုင်း ကီလိုမီတာ ၅၀၀ခန့်အကွာ ကာလာဆင်ပြည်နယ်ရှိ လယ်သမားများ၏ သီးနှံဂိုထောင်မှ အကောင်းစား ထိုင်းဆန်မွှေးများ အခိုးခံရပြီးနောက် စပါးအခိုးခံရသည့်သတင်းသည် တောမီးကဲ့သို့ပျံ့နှံ့သွားခဲ့သည်။

ကျေးရွာများမှ ရွာသူ ရွာသားများက အဖွဲ့များဖွဲ့ပြီး စပါးများ အခိုးမခံရစေရန်အတွက် ကင်းလှည့်စောင့်ကြပ်နေကြသည်ဟု ကာလာဆင်ရှိ ခရိုင်အကြီးအကဲ ယူရစ်ပူဝါဘော့က ရိုက်တာသတင်းဌာနသို့ပြောကြားသည်။

အဆိုပါ အရှေ့မြောက်ဒေသသည် ထိုင်းနိုင်ငံတွင် အကောင်းစားဆန်မွှေး စိုက်ပျိုးထုတ်လုပ်ရာ အဓိကဒေသဖြစ်သည်။

ယင်းဆန်မွှေး၏ ဈေးနှုန်းသည် တစ်တန်လျှင် ဒေါ်လာ ၉၀၀ခန့်အထိ ဈေးတက်သွားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ရင်သွေးငယ်များသေဆုံးမှုနှုန်းတွင် မိန်းကလေးထက် ယောကျာ်းလေးပိုမိုများပြား

ဝါရှင်တန် မတ် ၂၅

ယောကျာ်းလေးနှင့် မိန်းကလေးမွေးဖွားမှု အရေအတွက်သည် ၁၉၇၀ပြည့်နှစ်ကတည်းက အရေအတွက်အားဖြင့် ကွာခြားမှုမရှိလှသော်လည်း စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများ၌ ရင်ခွင်ပိုက်ကလေးငယ်များ၏သေဆုံးမှုသည် မိန်းကလေးထက် ယောကျာ်းလေးက ပိုမိုများပြားလာကြောင်း အမေရိကန်သုတေသနပညာရှင်များက မတ် ၂၄ ရက်တွင် ပြောကြားသည်။

ကမ္ဘာ့နိုင်ငံများအနက် ၁၅နိုင်ငံမှ ကလေးသေဆုံးမှုနှုန်းကို လေ့လာရာ မိန်းကလေးထက် ယောကျာ်းလေးသေဆုံးမှုနှုန်းသည် ၃၀ရာခိုင်နှုန်းမြင့်မားနေသည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။ ထိုလေ့လာချက်တွင် ဥရောပတိုက်မှ ၁၁နိုင်ငံနှင့် ကနေဒါ၊ အမေရိကန်၊ ဂျပန်နှင့် ဩစတြေးလျနိုင်ငံတို့လည်း ပါဝင်သည်။

လွန်ခဲ့သည့် နှစ်၃၀ ကာလအတွင်းယောကျာ်းလေးနှင့် မိန်းကလေးသေဆုံးမှုနှုန်း ကွာဟချက်ကျဉ်းမြောင်းလာသည်ကိုတွေ့ရသည်။ ယခုဆယ်စုနှစ်တွင် ကွာဟမှုနှုန်းမှာ ၂၀ရာခိုင်နှုန်းသို့ကျဆင်းလာသည်ဟု ကယ်လီဖိုးနီးယားပြည်နယ်တောင်ပိုင်း တက္ကသိုလ်မှ သုတေသီပညာရှင်အီလန်ကရမ်မင်က ပြောကြားသည်။

နှစ်၃၀ကာလအတွင်း ကျားနှင့်မ၊ ကလေးသေဆုံးမှုနှုန်း နည်းပါးရခြင်းသည် ဆေးဝါးကုသမှုအပိုင်းတွင် တိုးတက်မှုရှိလာခြင်းကြောင့်ဖြစ်သည်ဟု ဆိုသည်။

လမစေ့ဘဲမွေးလာသည့် ကလေးများကို အထူးကြပ်မတ်စောင့်ရှောက်ပေးခြင်းနှင့် ဗိုက်ခွဲမွေးဖွားခြင်းစသည်တို့ကြောင့် ရင်သွေးယောကျာ်းကလေးများသည် အသက်ရှင်ရန် အခွင့်အလမ်းများရရှိလာခြင်း ဖြစ်သည်ဟု သုတေသနပညာရှင်များက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

သီရိလင်္ကာနိုင်ငံ ရေပြင်တွင် ကင်းလှည့်နေသော ရေတပ်ဖွဲ့မှ ရေယာဉ်တစ်စင်းကို မတ် ၂၆ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

သီရိလင်္ကာတွင်ဖြစ်ပွားသော ရက် ၂၀ တိုက်ပွဲအတွင်း ကျားသူပုန် ၅၀၀ကျော် သေဆုံးခဲ့ဟုဆို

ကိုလံဘို မတ် ၂၆

သီရိလင်္ကာနိုင်ငံမြောက်ပိုင်းတွင် တမီလ်ကျားသူပုန်များနှင့် အစိုးရတပ်ဖွဲ့များအကြား ရက်ပေါင်း ၂၀ တိုက်ပွဲဖြစ်ပွားစဉ်အတွင်း သူပုန် ၅၀၁ဦး သေဆုံးပြီး သီရိလင်္ကာတပ်ဖွဲ့ဝင် ၅၄ဦး သေဆုံးကြောင်း မတ် ၂၅ ရက်တွင် ထွက်ပေါ်လာသည့် စစ်ဘက်သတင်းကဖော်ပြသည်။

တိုက်ပွဲများဖြစ်ပွားခဲ့သည့် မတ် ၅ရက်မှ ၂၄ရက်ကာလအတွင်း အရေအတွက် မည်၍မည်မျှရှိသောသူပုန်များ ဒဏ်ရာရသွားသည်ကို မသိရသေးသော်လည်း အစိုးရတပ်ဖွဲ့မှ စစ်သည်ဦးရေ ၂၂၃ဦးအထိ ဒဏ်ရာရရှိကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ်အူဒယား နာနာယာကာရာက သတင်းထောက်များကို ပြောကြားသည်။

စစ်ဆင်ရေးများသည် မာနာ၊ ဗာဗူနီးယားနှင့် ဂျဖ်နာဒေသများတွင် ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း ၎င်းကပြောကြားသည်။

မာနာဒေသရှိ အေ ၁၄လမ်းမ၏ တောင်ဘက်ရှိ ၃၁စတုရန်း ကီလိုမီတာရှိသောနယ်မြေကို သီရိလင်္ကာတပ်ဖွဲ့များက ထိန်းသိမ်းထားနိုင်ပြီဟု ဆိုသည်။

စစ်ဆင်ရေးများ စတင်သည်မှ လောလောဆယ် အခြေအနေအထိ ကျားသူပုန်အလောင်းပေါင်း၁၁၅လောင်းကို အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့လက်သို့ လွှဲပြောင်းပေးခဲ့ပြီး နောက်ထပ်လည်း၁၁လောင်း လွှဲပြောင်းပေးရန်ကျန်ရှိနေသေးသည်ဟု ၎င်းက ပြောကြားသည်။***အမ်အင်အေ၊ဆင်ဟွာ။***

ဟွန်ဒူရပ်စ်၌ ဘတ်စ်ကားလျှိုထဲကျ၍ ၂၆ဦး သေဆုံး

တီရူဝီဂဲလ်ပါ မတ် ၂၆

ဟွန်ဒူရပ်စ်နိုင်ငံတွင် မတ် ၂၅ ရက်က ဘတ်စ်ကားတစ်စီးလမ်းချော်ပြီး ပေ ၁၆၀၀နက်သော လျှိုထဲသို့ ထိုးကျသွား ရာ အနည်းဆုံးလူ၂၆ဦးသေဆုံးကြောင်း ကယ်ဆယ်ရေးများက ပြောသည်။

ထိုမတော်တဆဖြစ်ပွားမှုမှာ တီဂူစီဂဲလ်ပါမြို့ အနောက်ဘက် ၉၃မိုင်အကွာရှိ ဆန်အစ်အီဒရိုနှင့် ဂျီဆပ်ဒီအိုတိုဂို ဒေသနှစ်ခုကြားတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

သေဆုံးသူ ၂၆ဦးအနက် ၂၃ဦးမှာ အခင်းဖြစ်ပွားရာနေရာ၌ ချက်ချင်းသေဆုံးပြီး သုံးဦးမှာ ဆေးရုံ၌သေဆုံးခဲ့ခြင်းဖြစ်သည်ဟု မီးသတ်သမား ကာလို့စ်ကော်ဒီရိုက ပြောကြားသည်။

သေဆုံးသူများထဲ၌ ကလေးလေးဦးပါဝင်ပြီး အသက်ရှင်ကျန်ရစ်သူ ၁၆ဦးကို ဆေးရုံ၌ ပြုစုကုသထားသည်ဟု ၎င်းကပြောကြားသည်။

အခင်းဖြစ်ပွားရခြင်းအကြောင်းရင်းကို ကွဲကွဲပြားပြားမသိရသေးသော်လည်း အမေရိကအလယ်ပိုင်းရှိလမ်းများမှာ ချွတ်ယွင်းနေသည့်အတွက် မကြာခဏ မတော်တဆမှုများ ဖြစ်ပွားရသည်ဟုသိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ယူကရိန်းဆွဲသင်္ဘောနှင့်တရုတ်ကုန်တင်သင်္ဘောတိုက်မိ၊ ယူကရိန်းသင်္ဘောသား၁၈ဦး ပျောက်ဆုံးနေ

ဟောင်ကောင် မတ် ၂၆

ယူကရိန်းသင်္ဘောတစ်စင်းသည် တရုတ်သင်္ဘောတစ်စင်းနှင့် စနေနေ့ညကတိုက်မိခဲ့ပြီးနောက် ဟောင်ကောင် လန်တုကျွန်းအနီးရှိ ရေပြင်တွင်နစ်မြုပ်ခဲ့ပြီးနောက် ယူကရိန်းသင်္ဘောသား ၁၈ဦး ယခုထက်တိုင် ပျောက်ဆုံးနေကြောင်း မရိန်းတပ်ဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

ကယ်ဆယ်ရေးအဖွဲ့များက အခင်းဖြစ်ပွားရာနေရာအနီးရှိ ပင်လယ်ပြင်တွင် ရှာဖွေမှုများ ပြုလုပ်နေကြသည်။ ရေငုပ်သမားများကလည်း ရေအောက်တွင် ရှာဖွေလျက်ရှိသည်ဟု မရိန်းဌာန ညွှန်ကြားရေးမှူး ရော်ဂျာတပ်ပါက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ဆက်သွယ်ရေးကဏ္ဍ

စဉ်	အကြောင်းအရာ	၁၉၈၈	၂၀၀၇	တိုးတက်မှု
၁	စာတိုက်စခန်း	၁၁၁၄	၁၃၅၆	၂၄၂
၂	ကြေးနန်းရုံး	၃၁၀	၅၀၄	၁၉၄
၃	**တယ်လီဖုန်းလုပ်ငန်း**			
	– တယ်လီဖုန်းရုံး	၂၄၅	၈၉၁	၆၄၆
	– လိုင်းအင်အား	၇၁၈၅၅	၇၄၇၅၆၅	၆၇၅၇၁၀
	– အော်တို/လက်လှည့်အိတ်ချိန်း	၂၄၅	၆၅၀	၄၀၅
	– ကျေးလက်တယ်လီဖုန်းအိတ်ချိန်း	–	၂၄၁	၂၄၁
	– တိုက်ရိုက်လိုင်း	၆၇၀၁၆	၆၅၉၃၁၃	၅၉၂၂၉၇
	– အော်တို/လက်သုံးတယ်လီဖုန်း	၆၇၀၁၆	၈၇၆၃၆	၂၀၆၂၀
	– ARTS ရေဒီယိုတယ်လီဖုန်း	–	၃၉၈၁	၃၉၈၁
	– CDMA တယ်လီဖုန်း	–	၃၀၃၉၀	၃၀၃၉၀
	– D-AMPS တယ်လီဖုန်း	–	၂၃၇၁၀	၂၃၇၁၀
	– DECT ရေဒီယိုတယ်လီဖုန်း	–	၂၅၇၄	၂၅၇၄
	– GSM ဆယ်လ်လူလာတယ်လီဖုန်း	–	၂၁၁၈၁၂	၂၁၁၈၁၂
၄	မိုက်ကရိုဝေ့ဗ်စခန်း	၇၁	၂၃၂	၁၆၁
၅	အင်တာနက်	–	၇၇၇၂	၇၇၇၂
၆	ပြည်ပဂြိုဟ်တုဆက်သွယ်ရေးမြေပြင်စခန်း	၁	၃	၂
၇	ပြည်ပဂြိုဟ်တုဆက်သွယ်ရေးချယ်နယ်	၂၆	၅၄၃	၅၁၇
၈	အပြည်ပြည်ဆိုင်ရာတယ်လီဖုန်းချယ်နယ်	၂၆	၂၀၃၁	၂၀၀၅

ပြည်တွင်း၊ ပြည်ပ သတင်းနှင့် ဆက်သွယ်မှုနည်းပညာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရန်ကုန်မြို့တွင် တည်ဆောက်ပေးထားသော သတင်းအချက်အလက် ဆက်သွယ်မှုနည်းပညာဌာန အဆောက်အအုံကို တွေ့ရစဉ်။

(၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု

ဒေသခံ တိုင်းရင်းသား ပြည်သူများ ဆက်သွယ်မှု လွယ်ကူ ချောမွေ့စေရေး အတွက် ချင်း ပြည် နယ် ဖလမ်းမြို့ တွင် တည် ဆောက်ထားသော မိုက္ကရိုဝေ့ဗ် ဆက်သွယ်ရေးစခန်း။

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ရတနာပုံမြို့သစ်တွင် တည်ဆောက်ထားသော ရတနာပုံတယ်လီပို့ ပင်မအဆောက်အအုံသစ်ကြီးကို ဤသို့ ခံ့ညားစွာ တွေ့ရသည်။

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြု ငမိုးရိပ်–ဂျိုးဖြူမင်္ဂလာရေပိုက်လိုင်း ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၂၆

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းက စီစဉ်၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဆောင်ရွက်ပြီးစီးခဲ့သော ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၇)၊ (၈)နှင့် (၉)ရပ်ကွက် ငမိုးရိပ်–ဂျိုးဖြူမင်္ဂလာရေပိုက်လိုင်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂၅ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသည်။

ရှေးဦးစွာ ငမိုးရိပ်–ဂျိုးဖြူ မင်္ဂလာရေပိုက်လိုင်းဖွင့်ပွဲကို ရာဇာဓိရာဇ်လမ်းနှင့် ဗိုလ်စောနောင်လမ်းဆုံရှိ မုခ်ဦးဥပစာ၌ကျင်းပရာ မင်္ဂလာအချိန်၌ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကော်မတီဝင် ဦးညီညီ၊ ရန်ကုန်တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်၊ အမှတ်(၈)ရပ်ကွက် ရေသွယ်ယူရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ထူးနှင့် အမှတ်(၉)ရပ်ကွက် ရေသွယ်ယူရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဦးတို့က ငမိုးရိပ်–ဂျိုးဖြူ မင်္ဂလာရေပိုက်လိုင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က ငမိုးရိပ်–ဂျိုးဖြူ မင်္ဂလာရေပိုက်လိုင်း ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင်အား စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးပြီး ငမိုးရိပ်–ဂျိုးဖြူ မင်္ဂလာရေပိုက် ဘားကိုဖွင့်၍ ရေစတင်လွှတ်ပေးကြသည်။

ယင်းနောက် ရေပိုက်လိုင်းဖွင့်ပွဲ အခမ်းအနားကို ရာဇာဓိရာဇ်လမ်းရှိ မင်္ဂလာခန်းမ၌ ဆက်လက်ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက အမှာစကားပြောကြားပြီး အမှတ်(၇)၊ (၈) နှင့် (၉)ရပ်ကွက်နေ ပြည်သူများ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် အဆိုပြုလွှာ စုစုပေါင်း အစောင် ၂၂၅၀ကို သက်ဆိုင်ရာရပ်ကွက် ရေသွယ်ယူရေးကော်မတီဥက္ကဋ္ဌများက ပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က လက်ခံပြီး အသင်းဝင် အသိအမှတ်ပြုကတ်ပြားများ ပြန်လည် ပေးအပ်သည်။

အခမ်းအနားအပြီးတွင် ဗဟိုအလုပ် အမှုဆောင် မြို့တော်ဝန်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယခုကဲ့သို့ ငမိုးရိပ်–ဂျိုးဖြူ မင်္ဂလာရေပိုက်လိုင်းဖွင့်လှစ်ခြင်းဖြင့် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်ရှိအမှတ်(၇)၊ (၈) နှင့် (၉)ရပ်ကွက်မှ အိမ်ခြေ ၂၃၈၆နေ ပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်သော သောက်သုံးရေဖူလုံစွာရရှိမည် ဖြစ်ကြောင်း သိရသည်။ (၁၉)

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြု ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ဖွင့်

ရန်ကုန် မတ် ၂၆

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် ညောင်ကန်–ဖိုလေးလုံး ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို မတ် ၂၃ ရက်တွင် မကွေးမြို့နယ် ညောင်ကန် ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်နုက ရှင်းလင်းတင်ပြပြီး ကျောက်ချောလမ်းသစ်ကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်၊ မကွေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအုံမော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကျောက်ချောလမ်းသစ် ဖွင့်ပွဲအခမ်းအနားဆိုင်းဘုတ်ကို မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

အဆိုပါ ကျောက်ချောလမ်းသစ်မှာ မြေသားလမ်းအား အဆင့်မြှင့်တင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လမ်းအရှည် ပေ ၆၂၈၀၊ အကျယ် ၁၂ ပေ ရှည်၍ မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ငွေကျပ် ၂၄၅၀၀၀၀၀ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ (မြို့နယ်စည်ပင်)

တပ်မတော်နေ့ သန္နိဋ္ဌာန်

★ ဘယ်သူခွဲခွဲ၊ ဒို့မကွဲခဲ့
ဘယ်သူဖျက်ဖျက်၊ ဒို့မပျက်ခဲ့
ဘယ်သူခြောက်ခြောက်၊ လက်မမြှောက်ခဲ့
တပ်မတော်ဖြိုခွဲသူ၊ ဒို့ရန်သူ
သွေးခွဲလာသူ၊ ဒို့ရန်သူ။

★ ရေဆန်လေထန်၊ မုန်တိုင်းသန်လည်း
မျိုးမာန်မချ၊ ဖွဲလုံ့လဖြင့်
နိုင်ငံသစ်ဆီ၊ ဦးတည်ချီမည်
ပြည်သူလက်တွဲ ဒို့အောင်ပွဲမို့။

★ မုသာဝါဒ၊ မိုးလုံးမျှနှင့်
ရေခြားမြေခြား၊ ပေါက်ပန်းစားတို့
ရေခံမြေခံ၊ မရင့်သန်သည့်
ပြည်ပအားကိုး၊ ပုဆိန်ရိုးတို့
စကားတင်းဆို၊ အဖျင်းပိုလည်း
မျက်ထားမသို တုံ့မယူလိုပါ။

★ မကြောက်တရား၊ နှလုံးသားဖြင့်
မဖောက်မပြား၊ ကျောက်စိုင်သားသို့
လားလားမယိုင်၊ ကျောက်စာတိုင်နှယ်
မတုန်မလှုပ် ကျောက်ဆစ်ရပ်။

★ လမ်းသစ်လည်းဖောက်၊ ကျီသစ်ဆောက်၍
တိုင်းကားပြည်ရွာ၊ အေးချမ်းသာပြီ
ပြည်သူ့အောင်ပွဲ ဒို့အောင်ပွဲ။

★ ဥပဒေပြု၊ ပြည်ထောင်စုသို့
ဦးဆောင်ချီတက်၊ အောင်ပွဲဆက်လျက်
ရေကိုခြားလည်း အကြားမထင်
လေကိုဖြတ်လည်း အပြတ်မမြင်။

★ နိုင်ငံတော်အရေး၊ သမိုင်းပေး၍
အေးချမ်းသာယာ၊ ပြည်မြန်မာသို့
စည်ပင်ဖွံ့ဖြိုး၊ ဂုဏ်ဆင့်တိုးဖို့
လမ်းပြမြေပုံ စိတ်လုံခြုံသည်
တွဲလက်မပျက် ခရီးဆက်အံ့။

★ စေတနာမှန်၊ အရင်းခံဖြင့်
အောင်ပန်းတစ်ရာ၊ အောင်ပွင့်ဖြာလို့
အောင်လံကိုလွှင့်၊ အောင်မာန်မြှင့်၍
အောင်စည်အောင်မောင်း၊ အောင်စကြောင်းတွက်
အောင်ပြီအောင်ပြီ အောင်သံချီလျက်။

★ ကျောက်တရထည် ဇာနည်နှလုံး
လက်ရုံးလွှသွား စစ်ယောကျ်ားတို့
ငွားငွားစွင့်စွင့် အောင်ပန်းပွင့်လျက်
အောင်မြန်မာပြည် အောင်နိမိတ်ဆီသို့
ဦးတည်ချီတက်မည့် အောင်တပ်မတော်။

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုလျက်–

ဒေါက်တာ ရွှေပြည်စိုး
(မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်)



မင်းဦး(ဒသဃန)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်) ကျားဖြူပြကွက်ကို ကြည့်ရှုအားပေးစဉ်။
(သတင်းစဉ်)

➡ ရှေ့ဖုံးမှ

ပြည်သူ့လွှတ်တော်ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်များအဖွဲ့နာယက ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Hul Phanyနှင့် သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ စစ်သံမှူးများ၊ ပြည်တွင်းရှိ နိုင်ငံခြား သတင်းဌာနများမှ သတင်းထောက်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ သစ်တောရေးရာဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဒေသခံ ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော သံအမတ်ကြီးများနှင့် စစ်သံမှူးများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ဂီတစာဆို ဗိုလ်ကလေးတင့်အောင် ရေးစပ်သီကုံးသည့် "ဖွင့်ပွဲဂုဏ်ပြုတေးသီချင်း"ကို စန္ဒရားမောင်လှအေး တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသံရှင်များက ဂုဏ်ပြုသီဆိုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက အဖွင့်အမှာစကား ပြောကြားရာတွင် မိမိတို့နိုင်ငံသည် သဘာဝက ဖန်တီးပေးထားသော ရေ၊ မြေ၊ တော၊ တောင်၊ သယံဇာတများ ပေါကြွယ်ဝစွာရှိမှုကို သဘာဝအတိုင်း အမြဲမပြတ် ကာကွယ်ထိန်းသိမ်း ထားရှိနိုင်ခြင်းကြောင့် ဂေဟစနစ်အမျိုးမျိုးမှ ရှင်သန်ပေါက်ဖွားလာသည့် ဇီဝမျိုးစုံ မျိုးကွဲများဖြင့် ကြွယ်ဝလှသော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း။

ကမ္ဘာလောကကြီးအတွင်း သဘာဝက ထူးခြားစွာ ဖန်တီးပေးထားမှုကြောင့် သက်ရှိနှင့်သက်မဲ့၊ လူနှင့် တိရစ္ဆာန် ဒွန်တွဲဖြစ်ပေါ်ကာ အပြန်အလှန်အကျိုးပြု ဖြစ်တည်ခဲ့သည်မှာ ကမ္ဘာဦးအစမှ ယနေ့တိုင်အောင် ဖြစ်ကြောင်း၊ လူတို့က တိရစ္ဆာန်များကို မွေးမြူကာ ယဉ်ပါးအောင် ဆောင်ရွက်ပြီး မိမိတို့၏ လယ်ယာလုပ်ငန်းများတွင် ထွန်ယက်စိုက်ပျိုးခြင်း၊ ဝန်နှင့်ပစ္စည်းများကို တစ်နေရာမှ တစ်နေရာသို့ သယ်ယူပို့ဆောင်ခြင်း စသည့်လုပ်ငန်းများတွင် အကျိုးရှိစွာ အသုံးချခဲ့သည်ကို ကမ္ဘာ့နိုင်ငံများနည်းတူ မိမိတို့နိုင်ငံတွင်လည်း ရှေးနှစ်ပေါင်းများစွာကတည်းက အလေ့အကျင့်များ ရှိခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့ နိုင်ငံတကာတွင် မိမိတို့၏ နိုင်ငံရှိ ရေ၊ မြေ၊ တော၊ တောင်များကို အခြေခံပြီး သဘာဝသစ်ပင် ပန်းမန်များ၏ အလှကို ခံစားနိုင်သကဲ့သို့ တိရစ္ဆာန်များ၏ အမူအကျင့်များကို မိမိတို့နိုင်ငံသားများသာမက ကမ္ဘာလှည့်ခရီးသည်များပါ လေ့လာနိုင်စေရန်အတွက် တိရစ္ဆာန်ဥယျာဉ်များကို ဘက်စုံအပန်းဖြေလေ့လာရေး ဥယျာဉ်ကြီးများအဖြစ် ဖန်တီးလျက်ရှိကြကြောင်း။

နိုင်ငံတော်အစိုးရက နိုင်ငံသူ၊ နိုင်ငံသားများ ကျန်းမာသန်စွမ်းပြီး အမြဲတမ်း စိတ်နှလုံးကြည်လင် အေးချမ်း လန်းဆန်းတက်ကြွနေမှသာ မိမိအကျိုး၊ နိုင်ငံ့အကျိုးကို ထာဝစဉ် သယ်ပိုး ထမ်းရွက်နိုင်မည်ဖြစ်သည် ဆိုသည်ကို ခံယူထားရှိသည်နှင့်အညီ နိုင်ငံ့တာဝန်ကိုစတင်ယူခဲ့သည့် အချိန်ကတည်းကစပြီး ရပ်ရွာအေးချမ်းသာယာရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ခဲ့ရာတွင် နိုင်ငံအဝန်း မြို့ရွာဒေသများတွင် ပြည်သူများ အပန်းဖြေနိုင်ရန် ဥယျာဉ်၊ ပန်းခြံများကို တိုးချဲ့တည်ဆောက်ပေးခဲ့ကြောင်း။

ယင်းကဲ့သို့ တိုးချဲ့တည်ဆောက်ရာတွင် သဘာဝကိုအခြေခံသည့် ခရီးသွား အပန်းဖြေလုပ်ငန်းများအနက် ပြင်ဦးလွင် အမျိုးသားဥယျာဉ်ကို နိုင်ငံတကာအဆင့်မီ အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့သကဲ့သို့ ပုပ္ပားတောင် အမျိုးသားဥယျာဉ်၊ လောကနန္ဒာဘေးမဲ့ဥယျာဉ်၊ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်နှင့် ရန်ကုန်မြို့ရှိ ကန်တော်ကြီးနှင့် တိရစ္ဆာန်ဥယျာဉ်တို့၏ ဘက်စုံအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ခဲ့ကြောင်း။

တိရစ္ဆာန်ဥယျာဉ်များ၏ ဖြစ်တည်မှုကို ပြန်လည်လေ့လာလျှင် တိရစ္ဆာန်များကို လူအများကြည့်ရှုနိုင်အောင် လေ့ကျင့်ပြသမှုများကို ရောမခေတ်ကနေ စတင်အခြေတည်ခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ဥရောပနိုင်ငံများတွင် တိရစ္ဆာန်ဥယျာဉ်များ စတင်ထူထောင်ရန် ကြံစည်ဆောင်ရွက်ခဲ့ကြပြီး အနောက်ဥရောပ၊ လန်ဒန်တိရစ္ဆာန်ဥယျာဉ်အဖွဲ့ကို ၁၈၂၈ခုနှစ်တွင် တည်ထောင်ခဲ့သည်ဟု လေ့လာသိရှိရကြောင်း။

ယခုကဲ့သို့ တည်ထောင်ခဲ့ရာမှ ၁၉၅၀ပြည့်နှစ် နောက်ပိုင်းတွင် လူထုအပန်းဖြေရန်၊ ပညာပေးရန်၊ သိပ္ပံနှင့် သုတေသနဆောင်ရွက်ရန် စသည့် ရည်ရွယ်ချက်များဖြင့် တိရစ္ဆာန်ဥယျာဉ်များ ကမ္ဘာနှင့်အဝန်း တည်ထောင်လာခဲ့ရာ တိရစ္ဆာန်ဥယျာဉ်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ပိုမိုတိုးတက်အောင် ဆောင်ရွက် လာနိုင်ခဲ့ကြကြောင်း၊ တစ်နေ့ထက်တစ်နေ့ နည်းပညာတိုးတက် မြင့်မားလာသည်နှင့်အမျှ တိရစ္ဆာန်ဥယျာဉ်များကိုလည်း အခြေခံအဆောက်အအုံမှသည် တိရစ္ဆာန်လိမ္မာများ ပြသနိုင်သည်အထိ စီးပွားဖြစ် ဆောင်ရွက်လာသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)ရှိ ရေပန်းအလှများကို တွေ့ရစဉ်။
(သတင်းစဉ်)

ယခုအခါ တစ်ကမ္ဘာလုံးတွင် တည်ထောင်ထားသည့် တိရစ္ဆာန်ဥယျာဉ်ပေါင်း ၁၂၀၀ ခန့်တွင် အာရှတိုက်က တစ်ဝက်ခန့်ရှိပြီး မိမိတို့နိုင်ငံက ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သည် နှစ်ပေါင်း ၁၀၀ ကျော်ကြာ သက်တမ်းရှည်ကြာခဲ့သဖြင့် ကမ္ဘာ့သက်တမ်းရှည် ရှားပါးတိရစ္ဆာန်ဥယျာဉ်ဖြစ်သဖြင့် ဝမ်းမြောက်ဂုဏ်ယူကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကို မည်သည့်ခေတ်ကာလနှင့်မှ မတူဘဲ နိုင်ငံတော်၏ တစ်နံတစ်လျား အကွက်အလပ်မကျန်ရအောင် ဘက်စုံကဏ္ဍစုံကနေ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ပေးနေခြင်းသည် အနာဂတ်ဖြစ်ပေါ်လာမည့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် လမ်းခင်းဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

တစ်ဖက်ကလည်း နိုင်ငံတော်၏ သယံဇာတများ ရေရှည်တည်တံ့နိုင်ရေးတွက် ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းကာ ကာကွယ်ထိန်းသိမ်းပေးနေသကဲ့သို့ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဘေးမဲ့တောနှင့် အမျိုးသားဥယျာဉ် စသည့် သဘာဝထိန်းသိမ်းနယ်မြေပေါင်း ၄၂ ခုကိုလည်း ထူထောင်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့အပြင် တိရစ္ဆာန်ဥယျာဉ်များကိုလည်း တိုးချဲ့ တည်ဆောက်ပေးသကဲ့သို့ ကမ္ဘာတွင် မျိုးတုံးပျောက်ကွယ်တော့မည့် ကျားတိရစ္ဆာန်များအတွက် ရှင်သန်တိုးပွားစေရန် မြန်မာနိုင်ငံမြောက်ပိုင်း ဟူးကောင်းချိုင့်ဝှမ်းကို ကျားထိန်းသိမ်းရေးနယ်မြေအဖြစ် ဖွဲ့စည်း ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ သာယာလှပသည့် ရေ၊မြေ၊တော၊တောင် သဘာဝနှင့် ရှားပါးတောတိရစ္ဆာန်များ၊ ရှားပါးဂေဟစနစ်ကြောင့် မြန်မာနိုင်ငံရှိ ဘေးမဲ့တောနှင့် အမျိုးသားဥယျာဉ်ခြောက်ခုကို အာဆီယံအမွေအနှစ်စာရင်းဝင်ဥယျာဉ်အဖြစ် အသိအမှတ်ပြုခြင်းခံရခြင်းသည်လည်း မိမိတို့နိုင်ငံအတွက် ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲက သဘာဝ ရေ၊မြေ၊တော၊တောင်များနှင့် ပြည့်စုံသည့် နေပြည်တော်တွင် အခြားနိုင်ငံများရှိ မြို့တော်များနည်းတူ ခေတ်မီ နိုင်ငံတကာအဆင့်မီ တိရစ္ဆာန်ဥယျာဉ် တစ်ခု တည်ထောင်ရန် လမ်းညွှန်မှာကြားချက်နှင့်အညီ ယနေ့ဖွင့်လှစ်သည့် တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)ကို ၂၀၀၇ခုနှစ် စက်တင်ဘာ ၁၈ရက်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ သစ်တောရေးရာဝန်ကြီးဌာန၏ ဦးဆောင်ကြီးကြပ်မှုဖြင့် အချိန်ကာလ ခုနစ်လနှင့် ယခုကဲ့သို့ နိုင်ငံတကာအဆင့်မီ တိရစ္ဆာန်ဥယျာဉ် တစ်ခုကို ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ် ဖြစ်ကြောင်း။

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)သည် ရန်ကုန်-မန္တလေး ကားလမ်းအနီးတွင် တည်ရှိသောကြောင့် သွားလာမှု လွယ်ကူသည့်အပြင် မြန်မာနိုင်ငံ၏ အလယ်ပိုင်း၌ရှိနေသည့် နေပြည်တော်ပတ်ဝန်းကျင်က ဒေသခံ တိုင်းရင်းသားပြည်သူများ ထူးထူးခြားခြား မြင်တွေ့နိုင်ရန် တွေ့ရှိဖို့ခက်ခဲသော ကျားဖြူ၊ သားပိုက်ကောင်နှင့် ပင်ဂွင်းငှက်များအပါအဝင် တိရစ္ဆာန်အမျိုးပေါင်း ၈၁ မျိုး၊ အရေအတွက်အားဖြင့် ၄၂၃ ကောင် ထိန်းသိမ်းထားရှိကြောင်း၊ထို့အပြင် သဘာဝအလှအပများနှင့် ပသာဒစုံလှသည့် တိရစ္ဆာန်ဥယျာဉ်အဖြစ် စီမံထားရှိသည့်အတွက် ပြည်တွင်းပြည်ပခရီးသွားများ ဝင်ရောက်အနားယူလေ့လာနိုင်မည့် စိမ်းစိုလှပ သဘာဝ အိုအေစစ်သဖွယ် နေရာကောင်းလေးတစ်ခု ဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

နိုင်ငံတော်ကြီးကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်အစိုးရနှင့် ပြည်သူများသည် တက်ညီလက်ညီ အားသွန်ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာတွင် အသိပညာရှင်၊ အတတ်ပညာရှင်၊ စီးပွားရေးပညာရှင်နှင့် လုပ်ငန်းရှင်များ၊ ဝန်ထမ်းများနှင့် အလုပ်သမားများသည် မိမိတို့၏ အခန်းကဏ္ဍအလိုက် မိမိတို့လုပ်ငန်းခွင်အတွင်းတွင် နေ့၊ ည အချိန်ပြည့် ကြိုးပမ်းအားထုတ်ကာ တိုးတက်မှုအရှိန်အဟုန်ကို မြှင့်တင်ဆောင်ရွက်လျက်ရှိခြင်းကြောင့် စိတ်ပိုင်းဆိုင်ရာ အေးချမ်းသက်သာမှုကို ဖော်ဆောင်ပေးရန်လိုအပ်လာပြီး ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပတ်ဝန်းကျင် လူနေထူထပ်လာသည်နှင့်အမျှ အပန်းဖြေအနားယူရန် နေရာများလည်း အစဉ်လိုအပ်နေမည်ဖြစ်ကြောင်း။

ထို့ကြောင့် ပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေနိုင်ရန်အတွက် တိရစ္ဆာန်ဥယျာဉ်များ၊ ပန်းဥယျာဉ်များနှင့် ကစားကွင်းများကို နိုင်ငံတော်အစိုးရက စေတနာဖြင့် ငွေကုန်ကြေးကျခံကာ တည်ဆောက်ပေးထားပြီးဖြစ်သည့်အတွက် အဆိုပါ ဥယျာဉ်များ၊ ကစားကွင်းများ ရေရှည်တည်တံ့အောင် ပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းပေးကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) တည်ဆောက်မှုအခြေအနေများကို ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲက အနာဂတ်မျိုးဆက်သစ်များအတွက် လူမှုပတ်ဝန်းကျင် ပြယုဂ်ကောင်းတစ်ခုအဖြစ် ဖန်တီးတည်ထောင်ရန် လမ်းညွှန်ချက်နှင့်အညီ သစ်တောရေးရာ ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာအဆင့်မီ တိရစ္ဆာန်ဥယျာဉ် တည်ဆောက်ပြီး နေပြည်တော်၏ ဂုဏ်အင်္ဂါမြှင့်တင်ရန်၊ နေပြည်တော်ရှိပြည်သူများနှင့် ဝန်ထမ်းများသာမက နိုင်ငံတော်အတွင်းရှိ ပြည်သူများ လာရောက် အပန်းဖြေနိုင်ရန်၊ ပြည်တွင်း ပြည်ပမှ စိတ်ပါဝင်စားသူများ လာရောက်လေ့လာနိုင်ရန် စသည့် ရည်ရွယ်ချက်များ ချမှတ်ပြီး သစ်တောရေးရာ ဝန်ကြီးဌာနအနေဖြင့် ၂၀၀၇ ခုနှစ် စက်တင်ဘာ ၁၈ရက်မှ စတင်ပြီး လက်ရှိ (နေပြည်တော်) တိရစ္ဆာန်ဥယျာဉ် တည်ရှိရာမြေနေရာကို ရွေးချယ်၍ မူလတောရိုင်းမြေနှင့် ကျောက်တောင်များအတွင်း ခေတ်မီအဆင့်မြင့် တိရစ္ဆာန်ဥယျာဉ်ကြီး တည်ဆောက်နိုင်ရေးအတွက် ကျွမ်းကျင်ပညာရှင်များ ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း။

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)၏ အကျယ်အဝန်းမှာ ၆၁၂ဧက ရှိပြီး အဓိကအားဖြင့် နို့တိုက်သတ္တဝါ ၃၉ မျိုး၊ ငှက် ၃၀မျိုး၊ တွားသွားသတ္တဝါ ၁၂ မျိုး စုစုပေါင်း ၈၁မျိုး၊ ၄၂၃ကောင်ကို တိရစ္ဆာန်ပြကွက် ၂၇ ကွက်ဖြင့် ပြသထားပါကြောင်း၊ ပြသထားသော တိရစ္ဆာန်များထဲတွင် မြန်မာနိုင်ငံအတွင်းမှ ထင်ရှားသည့် ရှားပါးသတ္တဝါများသာမက ကမ္ဘာ့ရှားပါး တိရစ္ဆာန်များဖြစ်သည့် ပင်ဂွင်းငှက်၊ ကျားဖြူ၊ သားပိုက်ကောင် စသည်များလည်း ပါဝင်ကြောင်း။

သစ်တောရေးရာဝန်ကြီးဌာန အနေဖြင့် လက်ရှိတည်ဆောက်ပြီး တိရစ္ဆာန်ဥယျာဉ်များကို စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ခြင်းသာမက ယနေ့ဖွင့်လှစ်သော တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)ကြီး အစဉ်အမြဲ တိုးတက်သစ်လွင်ပြီး ရေရှည်တည်တံ့ခိုင်မြဲရေးကိုလည်း အထူးအလေးထား ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း စသည်ဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ထိုင်း-မြန်မာ နှစ်နိုင်ငံ တိရစ္ဆာန်လဲလှယ်ခြင်း ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ထိုင်းနိုင်ငံ တိရစ္ဆာန်များဥယျာဉ်အဖွဲ့ (Zoological Park Organization)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr.Wisid Wichasilpa က ပင်ဂွင်းငှက်တစ်စုံနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွှန့်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်တို့သည် တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ▲

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)သို့ အနယ်နယ်အရပ်ရပ်မှ ပြည်သူများ လာရောက်အပန်းဖြေကြစဉ်။
(သတင်းစဉ်)

ခေတ်မီ အဆင့်မြင့် တိရစ္ဆာန်ဥယျာဉ်ကြီးတွင်

မြန်မာနိုင်ငံမှ ရှားပါးတိရစ္ဆာန်များ

ကမ္ဘာ့ ရှားပါး တိရစ္ဆာန်များပါ ပြသထား

ဥယျာဉ်များ၊ ကစားကွင်းများ ရေရှည်တည်တံ့အောင် ပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းပေးကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်က တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) တည်ဆောက်မှု အခြေအနေများကို ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲက အနာဂတ်မျိုးဆက်သစ်များအတွက် လူမှုပတ်ဝန်းကျင် ပြယုဂ်ကောင်းတစ်ခုအဖြစ် ဖန်တီးတည်ထောင်ရန် လမ်းညွှန်ချက်နှင့်အညီ သစ်တောရေးရာ ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာအဆင့်မီ တိရစ္ဆာန်ဥယျာဉ် တည်ဆောက်ပြီး နေပြည်တော်၏ ဂုဏ်အင်္ဂါမြှင့်တင်ရန်၊ နေပြည်တော်ရှိပြည်သူများနှင့် ဝန်ထမ်းများသာမက နိုင်ငံတော်အတွင်းရှိ ပြည်သူများ လာရောက် အပန်းဖြေနိုင်ရန်၊ ပြည်တွင်း ပြည်ပမှ စိတ်ပါဝင်စားသူများ လာရောက်လေ့လာနိုင်ရန် စသည့် ရည်ရွယ်ချက်များ ချမှတ်ပြီး သစ်တောရေးရာ ဝန်ကြီးဌာနအနေဖြင့် ၂၀၀၇ ခုနှစ် စက်တင်ဘာ ၁၈ရက်မှ စတင်ပြီး လက်ရှိ (နေပြည်တော်) တိရစ္ဆာန်ဥယျာဉ် တည်ရှိရာမြေနေရာကို ရွေးချယ်၍ မူလတောရိုင်းမြေနှင့် ကျောက်တောင်များအတွင်း ခေတ်မီအဆင့်မြင့် တိရစ္ဆာန်ဥယျာဉ်ကြီး တည်ဆောက်နိုင်ရေးအတွက် ကျွမ်းကျင်ပညာရှင်များ ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း။

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)၏ အကျယ်အဝန်းမှာ ၆၁၂ဧက ရှိပြီး အဓိကအားဖြင့် နို့တိုက်သတ္တဝါ ၃၉ မျိုး၊ ကျေးငှက် ၃၀မျိုး၊ တွားသွားသတ္တဝါ ၁၂ မျိုး စုစုပေါင်း ၈၁မျိုး၊ ၄၂၃ကောင်ကို တိရစ္ဆာန်ပြကွက် ၂၇ ကွက်ဖြင့် ပြသထားပါကြောင်း၊ ပြသထားသော တိရစ္ဆာန်များထဲတွင် မြန်မာနိုင်ငံအတွင်းမှ ထင်ရှားသည့် ရှားပါးသတ္တဝါများသာမက ကမ္ဘာ့ရှားပါး တိရစ္ဆာန်များဖြစ်သည့် ပင်ဂွင်းငှက်၊ ကျားဖြူ၊ သားပိုက်ကောင် စသည်များလည်း ပါဝင်ကြောင်း။

သစ်တောရေးရာဝန်ကြီးဌာန အနေဖြင့် လက်ရှိတည်ဆောက်ပြီး တိရစ္ဆာန်ဥယျာဉ်များကို စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ခြင်းသာမက ယနေ့ဖွင့်လှစ်သော တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)ကြီး အစဉ်အမြဲ တိုးတက်သစ်လွင်ပြီး ရေရှည်တည်တံ့ခိုင်မြဲရေးကိုလည်း အထူးအလေးထား ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း စသည်ဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ထိုင်း-မြန်မာ နှစ်နိုင်ငံ တိရစ္ဆာန်လဲလှယ်ခြင်း ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ထိုင်းနိုင်ငံ တိရစ္ဆာန်များ ဥယျာဉ်အဖွဲ့ (Zoological Park Organization)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr.Wisid Wichasilpa က ပင်ဂွင်းငှက်တစ်စုံနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ် ဝေလွင်၊ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်တို့သည် တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ▲


ဘာဘွန်းမျောက်လှောင်အိမ်

စပါးအုံးမြွေ

ငန်းမြွေ

ရေမြင်း

ဟိမဝန္တာဝက်ဝံ

သစ်ကြောင်

ငှက်ကုလားအုတ်

တပ်မတော်နေ့ဂုဏ်ပြု ဓာတ်အားပေးစက်ရုံဖွင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက်

နေပြည်တော် မတ် ၂၆

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းသည် တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၂၅ ရက် နံနက်ပိုင်းတွင် တိုက်ကြီးမြို့နယ် အိုက်ကလောင် တိုက်နယ်ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်လူနာများအား ထောက်ပံ့ငွေများကို ပေးအပ်သည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တိုက်ကြီးမြို့နယ် ဖိုးခေါင်ကျေးရွာအုပ်စု ဓာတ်အားလိုင်းဖွင့်ပွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အလှူငွေများ ပေးအပ်လှူဒါန်းရာ အိုက်ကလောင် တိုက်နယ်ဆေးရုံ ဆရာဝန်ကြီး ဒေါက်တာ အောင်မြင့်မြတ်က လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် တိုင်းမှူးသည် ဖိုးခေါင်ကျေးရွာအုပ်စု၌ ကျင်းပသည့် ၂၀၀ KVA ဓာတ်အားလိုင်းဖွင့်ပွဲသို့ တက်ရောက်ရာ တိုင်းအတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ဖွင့်ပွဲမုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းမှူးက ဓာတ်အားလိုင်းဖွင့်ပွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တာဝန်ရှိသူများနှင့်အတူ ဖွင့်ပွဲဆိုင်းဘုတ်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ရှင်းလင်း

ထို့နောက် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်လတ်က Breaker လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဖိုးခေါင်ကျေးရွာအုပ်စု မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးသန်းနိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် အဖျောက်မြို့ ရေဘေးကာကွယ်ရေးတာကို စက်ယန္တရားကြီးများဖြင့် မြေပေါင်ဖို့ ဆောင်ရွက်မှုလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ ကမ်းပတ်တာ တည်ဆောက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် မတ် ၂၆

GRAND ROYAL
SPECIAL RESERVE
Golf Championship

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ International Beverages Trading Co.,Ltd. က အဓိကကူညီပံ့ပိုးသော ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ နောက်ဆုံး ဗိုလ်လုပွဲ (Grand Royal Special Reserve Golf Championship 2008 Final Round)ကို မတ် ၂၄ ရက်တွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မြို့တော် ဂေါက်ကွင်း(မြကန်သာ)၌ ကျင်းပသည်။

ဗိုလ်လုပွဲအပြီး၌ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ည ၇ နာရီတွင် Dusit Inya Lake Resort Yangon ၌ ကျင်းပရာ International Beverages Trading Co.,Ltd.မှ Design and Development ဒါရိုက်တာ ဦးတင့်ဦးက မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်တို့အား အမှတ်တရ လက်ဆောင်များကို ပေးအပ်သည်။

ထို့နောက် IBTC မှ Production ဒါရိုက်တာ ဦးဇော်ထိုက်က Quality Playerများ၊ Pro-Am အသင်းလိုက်ပြိုင်ပွဲတွင် ဒုတိယဆုရ သန်းနိုင်ဦး၊ သန်းထိုက်၊ မင်းသူရအောင်နှင့် အေးမင်းချိုတို့ပါဝင်သော အသင်းနှင့် ပထမဆုရ ထိန်ဝင်း၊ မျိုးဝင်းအောင်၊ သန်းနွယ်နှင့် အောင်ကျော်မိုးတို့ ပါဝင်ကြသော အသင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်က Professional အဆင့်ပြိုင်ပွဲတွင် ၇၃ ချက်ဖြင့် ပဋ္ဌမရရှိသော မင်းနိုင် (Srixon)နှင့် ၇၂ ချက်နှင့် စတုတ္ထရရှိသော ထိန်ဝင်းတို့အားလည်းကောင်း (IBTC)မှ Design and Development ဒါရိုက်တာ ဦးတင့်ဦးက ၇၁ ချက်စီဖြင့် ပူးတွဲဒုတိယရရှိကြသော ဇော်ဇော်လတ်နှင့် အောင်ဆန်းဝင်း၊ ၆၉ ချက်ဖြင့် ပထမရရှိသော ခင်ဇော်ဝင်းတို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြိုင်ပွဲတွင် ရိုက်ချက်ပေါင်း ၁၄၈ ချက်ဖြင့် စတုတ္ထရရှိသော သက်ဇော်ထွေး၊ ရိုက်ချက်ပေါင်း ၁၄၈ ချက်ဖြင့် တတိယရရှိသော လင်းသဲတို့အား မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဦးမင်းသိန်းကလည်းကောင်း၊ ရိုက်ချက်ပေါင်း ၁၄၇ ချက်ဖြင့် ဒုတိယရရှိသော မြင့်ကိုနှင့် ရိုက်ချက်ပေါင်း ၁၄၂ ချက်ဖြင့် ပထမဆုအဖြစ် ရွှေဆွဲပြား ဆွတ်ခူးရရှိသွားသော မျိုးဝင်းအောင်တို့အား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်ကလည်းကောင်းဆုများကိုပေးအပ်ချီးမြှင့်ကြပြီး IBTC မှ Design and Development ဒါရိုက်တာ ဦးတင့်ဦးက မြို့တော်ဂေါက်ကွင်းအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်ကို ပေးအပ်ရာ ဒုတိယအထွေထွေမန်နေဂျာ ဦးခင်မောင်ရီက လက်ခံသည်။

အဆိုပါ ပြိုင်ပွဲတွင် Main Sponsor အဖြစ် International Beverage Trading Co.,Ltd. ကဖြစ်ပြီး Co-Sponsors များအဖြစ် Srixon, Alpine (Purified Drinking Water)၊ Dusit Inya Lake Resort Yangonတို့ကလည်း ထပ်မံ၍ကူညီပံ့ပိုးကြကာ ပြိုင်ပွဲဖြစ်မြောက် အောင်မြင်ရေးအတွက် Han Event Management က တာဝန်ယူဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက Final Round ပြိုင်ပွဲတွင် တတိယရရှိသော လင်းသဲအား ဆုချီးမြှင့်စဉ်။
(ဂေါက်သီးရိုက်အဖွဲ့ချုပ်)

ဓမ္မဗိမာန်စာပေဆုနှင့် ဆန်းလွင်စာပေဆုများကြေညာ

ရန်ကုန် မတ် ၂၆

ထေရဝါဒ ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားစေရန် ရည်ရွယ်၍ ဆရာတော်ဦးသာသန (ဓမ္မာစရိယ မဟာဝိဇ္ဇာ) တည်ထောင်သော ဓမ္မဗိမာန်စာပေဆုနှင့် ဆန်းလွင်စာပေဆုများကို ပြိုင်ပွဲခေါ်ယူခဲ့ပြီး စာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့က (၂၀၀၆–၂၀၀၇) ဆုရပုဂ္ဂိုလ်အဖြစ် ဦးအောင်မွန် (မြတ်ဆုမွန်)၏ "ကျေးဇူးရှင်လယ်တီဆရာတော်ကြီး၁၀ ဖြစ်တော်စဉ်"ကို ရွေးချယ်လိုက်ပြီး ဓမ္မဗိမာန် အမှတ်–၆၀၆ ဒုတိယထပ်၅ လမ်းနှင့် ၆ လမ်းကြား ကမ်းနားလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ဖုန်း–၂၁၁၃၅၉ သို့ ဆက်သွယ်ရန်ဖြစ်ကြောင်း သိရှိရသည်။

(က–ပ)

ဓမ္မမာမက သာသနာ့ရိပ်သာ သင်္ကြန်တွင်း အထူးတရားစခန်းပွဲ

ရန်ကုန် မတ် ၂၆

ရန်ကုန်တိုင်း လှည်းကူးမြို့နယ်၊ ကျွန်းကလေးကျေးရွာ အာဇီဝကျောင်းလမ်း၊ ဓမ္မမာမကသာသနာ့ရိပ်သာ၌ သင်္ကြန်တွင်း ၁၀ ရက် အထူးတရားစခန်းပွဲကို ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သတိပဋ္ဌာန် ဝိပဿနာတရားကို ဓမ္မမာမကသာသနာ့ရိပ်သာ ဆရာတော်ကိုယ်တိုင်ဦးစီး၍ ဧပြီ ၁၀ ရက် ညနေမှ ဧပြီ ၂၀ ရက်အထိ ၁၀ ရက်တိုင် ဖွင့်လှစ်မည် ဖြစ်သည်။ တရားအားထုတ်လိုသော ယောဂီများသည် ဓမ္မမာမကသာသနာ့ရိပ်သာရုံးခန်းသို့ ကြိုတင်၍ စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ယောဂီများအား အာဟာရဒါန ပြုလုပ်လိုပါက ရုံးခန်းဖုန်း–၆၂၈၁၀၀ သို့ ဆက်သွယ်၍ လှူဒါန်း နိုင်ကြောင်း သိရသည်။ (က–ပ)

သင်္ကြန်ခုနစ်ရက်အဓိဋ္ဌာန် တရားစခန်းပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၆

မြောက်ဥက္ကလာပမြို့နယ်(၅)ရပ်ကွက် မနောသုခကျောင်းတိုက် မိုးကုတ်အဖွဲ့ခွဲ(၁၂၅)တွင် (၆၈)ကြိမ်မြောက် မိုးကုတ်ဝိပဿနာ ခုနစ်ရက် အဓိဋ္ဌာန် တရားစခန်းပွဲကို ဧပြီ ၁၁ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်ရာ ဦးစီးပဓာန နာယကအဖွဲ့ချုပ် ဓမ္မကထိကဆရာတော် ဘဒ္ဒန္တပရမ ကြီးမှူး၍ တပည့်ရင်းဖြစ်သော နယ်လှည့်သာသနာပြု ပဋိစ္စသမုပ္ပာဒ် သင်တန်းနည်းပြ ကထိက ဆရာသစ္စာရဲမင်း [B.Sc(Phy)] နှင့် ဆရာမကြီး ဒေါ်ဝိဇ္ဇာသိင်္ဂီ၊ ဆရာလေး ဒေါ်ဂုဏသိင်္ဂီတို့က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သစ္စာလေးပါး မြတ်တရားကိုဟောပြောပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများ ဧပြီ ၁၀ ရက် အရောက်လာကြရန်နှင့် လှူဒါန်းလိုပါက ဖုန်း–၀၉၅၁၀၅၅၈၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ဝိပဿနာအလုပ်ပေးတရားစခန်း

ရန်ကုန် မတ် ၂၆

မန္တလေးမြို့ လမ်း၈၀ တရုတ်တန်းနေ ဦးဟန်မြိုင်၊ သီဟသုဓမ္မသိင်္ဂီဒေါ်မေသက်မော်(မော်မော်စန်းထိုးမုန့်)တို့က စစ်ကိုင်းတောင်ရိုး ဂေါသိတာချောင်၌ ဆောက်လုပ်လှူဒါန်းထားသော ဓမ္မစွမ်းရည် မဟာစည်သာသနာ့ရိပ်သာကြီး ဆောက်လုပ်လှူဒါန်းပြီး တရားစခန်းဖွင့်လှစ်လျက်ရှိရာ ဧပြီ ၁၀ ရက်မှ ၂၀ရက်အထိ ၁၁ ရက်တိတိ သင်္ကြန်တရားစခန်းတွင် ဓမ္မစွမ်းရည် မဟာစည်ကျောင်းထိုင် နာယကဆရာတော် ဘဒ္ဒန္တသိရိန္ဒာက ဝိပဿနာအလုပ်ပေးတရားတော်များကို ဟောကြားပြသပေးမည်ဖြစ်ရာ တရားစခန်းဝင်လိုကြသော ရဟန်း၊ သီလရှင်၊ ယောဂီများသည် ဧပြီ၉ရက် အရောက်လာကြရန် နှိုးဆော်ထားကြောင်းသိရသည်။ (က–ပ)

ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဟောပြောစစ်ဆေး

ရန်ကုန် မတ် ၂၆

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်းတောင်ပိုင်းခရိုင်ရုံးမှ ခရိုင်ဦးစီးမှူး ဦးဆန်းယု(ဦးစီးအရာရှိ)နှင့်အဖွဲ့သည် မတ် ၁၅ ရက်တွင် တွံတေးမြို့နယ် ဘုရားကြီးစံပြကျေးရွာ ဘုရားကြီးဝင်းအတွင်း ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် ၂၇ ဦးအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများနှင့် ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေး၊ အန္တရာယ်ကင်းစွာ သွားလာမောင်းနှင်ရေး ပညာပေးဟောပြောခဲ့ပြီး မော်တော်ယာဉ်များ အန္တရာယ်ကင်းစွာ မောင်းနှင်သွားလာနိုင်ရေးအတွက် ယာဉ်ကြံ့ခိုင်မှုရှိ၊ မရှိ သတ်မှတ် ယာဉ်မောင်းလိုင်စင် ရှိ၊ မရှိတို့အား စစ်ဆေး၍ ပညာပေးဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

နက္ခတ်ဗေဒင်လက္ခဏာပညာရှင်များ သက်ကြီးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၆

နက္ခတ်ဗေဒင် လက္ခဏာပညာရှင် (ရန်ကုန်)အဖွဲ့က ကြီးမှူး၍ ဒသမအကြိမ်မြောက် အသက် ၇၀ နက္ခတ်ဗေဒင် လက္ခဏာပညာရှင် သက်ကြီးပူဇော်ကန်တော့ပွဲနှင့် ဆရာ၊ ဆရာမများ မိတ်ဆုံစားပွဲကို မတ် ၃၀ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးစေတီတော် အာရုံခံတန်ဆောင်း၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံသက်ကြီး နက္ခတ်ဗေဒင် လက္ခဏာပညာရှင် ဆရာကြီး၊ ဆရာမကြီး ၂၆ ဦးရှိပြီး နက္ခတ်ဗေဒင်ပညာရှင်များအနေဖြင့် လှူဒါန်းလိုပါက ပူဇော်ပွဲဖြစ်မြောက်ရေး နက္ခတ်ဗေဒင်က္ခဏာပညာရှင်အဖွဲ့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဟောပြောပွဲကျင်းပမည်

ရန်ကုန် မတ် ၂၆

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု Han Sein Than Engineering & Trading ၏ ပံ့ပိုးကူညီမှုဖြင့် မတ် ၂၉ ရက် မွန်းလွဲ ၂ နာရီတွင် ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ဒေါက်တာတင်လတ် (MAT College)က လုပ်ငန်းအတွင်းစစ်ဆေးခြင်းနှင့်အောင်မြင်မှုရရန်စွန့်စားမှုများကို စီမံခန့်ခွဲခြင်း ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ကြောင်းသိရသည်။(သတင်းစဉ်)

▲ စာမျက်နှာ ၉ မှ

ယင်းနောက် မင်္ဂလာအချိန်ကျရောက်သည်နှင့် အတွင်းရေးမှူး(၁)က တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်) ပင်မအဝင်မုခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကမ္ပည်းမော်ကွန်းနေရာသို့ သွားရောက်နေရာယူကြရာ နေပြည်တော် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းနှင့် ရေဆင်း အခြေခံပညာ အထက်တန်းကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူလေးများက တေးသံသာများဖြင့် တိရစ္ဆာန်မျိုးစုံဝတ်ရုံများဝတ်ဆင်၍ သရုပ်ဖော်ကပြဖျော်ဖြေ ညှော့ခံကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်) ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကြပြီး ဖွင့်ပွဲအခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်) ဆင်စခန်းသို့ရောက်ရှိကြပြီး ဆင်လိမ္မာများ၏ စစ်ကြောင်းပုံဖြင့် ချီတက်သရုပ်ပြကွက်၊ ဆင်စခန်းအလံတင်ပြကွက်၊ သစ်တုံးပေါ်တက်ပြီး နောက်ထိုင်ရှေ့လက်မြှောက် နှာမောင်းမြှောက်၍ ဂါရဝပြုခြင်းပြကွက်၊ သစ်တုံးပေါ် ကျော်လှမ်းသွားသည့် လမ်းလျှောက်ပြကွက်၊ ဆင်လိမ္မာများက တုံးနှစ်တုံးစီပေါ် ခွရပ်ပြီး၊ ကျန်ဆင်လိမ္မာများ ငုပ်လျှိုး၍ မိကျောင်းတွားသွားပြခြင်းပြကွက်၊ ဆင်တစ်စီးချင်းစီ၏ ထူးခြားပြကွက်၊ ဆင်ဦးစီးများအား နှာမောင်းပေါ်တင်၍ လမ်းလျှောက်ပြကွက်၊ ဆင်ဦးစီးများ ဆင်ကျောကုန်းပေါ် မတ်တပ်ရပ်စီးခြင်းပြကွက်၊ ဆင်လိမ္မာများ၏ ဘောလုံးကန်ပြကွက်များကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)သည် ဆင်လိမ္မာအဖွဲ့ကို ဂုဏ်ပြုပန်းခြင်းဆုချီးမြှင့်သည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဆင်လိမ္မာများအား အစာများကျွေးမွေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဘာဂီယာဉ်များဖြင့် အာရှသမင်ဖြတ်လမ်း၊ ခွေးအကျွန်း၊ နွားနောက်၊ မျောက်တံငါပြကွက်တို့ကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျားဖြူပြကွက် အတွင်းသို့လည်းကောင်း၊ ညဥ့်ထွက်သတ္တဝါပြကွက်နှင့် တွားသွားသတ္တဝါပြကွက်၊ ပင်ဂွင်းငှက်ပြကွက်များသို့လည်းကောင်း လှည့်လည်ကြည့်ရှုအားပေးကြပြီး နံနက် ၁၁ နာရီတွင် ပြန်လည်ထွက်ခွာသွားကြသည်။

နေပြည်တော် တိရစ္ဆာန်ဥယျာဉ်သည် တိရစ္ဆာန်များ၏ စရိုက်သဘာဝနှင့် ကိုက်ညီသည့်ပတ်ဝန်းကျင်၊ လုံလောက်သော နေရာအကျယ်အဝန်းဖြစ်စေရန် ဖန်တီးပေးထားသည့် Open Zoo ဖြစ်သည်။

တိရစ္ဆာန်ဥယျာဉ်ကို ဧပြီ ၁ ရက်မှ စတင်၍ နေ့စဉ်နံနက် ၈နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ပြီး တိရစ္ဆာန်လိမ္မာစွမ်းရည်ပြပွဲများကို စနေ၊ တနင်္ဂနွေနေ့များတွင် ပြသမည်ဖြစ်သည်။

သဘာဝရေကန်ငယ်များ၊ သဘာဝသစ်ပင်တောအုပ်များ၊ မိသားစုများနှင့် ကလေးငယ်များ ဗဟုသုတတိုးပြီး စိတ်ကြည်သာချမ်းမြေ့စေရန်အတွက် ပညာပေးပြခန်း၊ ခေတ်မီကလေးကစားကွင်း၊ အဆင့်မြင့်စားသောက်ဆိုင်များ၊ အမှတ်တရပစ္စည်း အရောင်းဆိုင်များကိုလည်း တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)၌ ထည့်သွင်းစီစဉ်ထားသည်။

ဆင်စခန်းအတွင်း ဆင်အပျော်စီးခြင်း၊ ညနေဆည်းဆာ မီးအလှဆင်ခြင်းများကိုလည်း ကားရထားဖြင့် လှည့်လည်ကြည့်ရှုနိုင်ရန် စုံလင်စွာ စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) ဖွင့်ပွဲပြီးသည်နှင့် တစ်ပြိုင်တည်း အနယ်နယ်အရပ်ရပ်မှ ပြည်သူအင်အား နှစ်သိန်းခန့် ဝင်ရောက်အပန်းဖြေကြည့်ရှုအားပေးကြသည်။

မွန်းလွဲပိုင်းနှင့် ညနေပိုင်းတို့တွင် တေးဂီတဖြေဖျော်ပွဲများဖြင့် ညှော့ခံရာ ပြည်သူများ ထောင်သောင်းချီ၍ ကြည့်ရှုအားပေးကြသည်။ အနယ်နယ်အရပ်ရပ်မှ လာရောက်အားပေးခြင်းကြောင့် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်) တစ်မိုင်ပတ်ဝန်းကျင်အတွင်း ကြိတ်ကြိတ်တိုး စည်းကားလျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

လွှဲပြောင်းပေးအပ်

ထိုင်းနိုင်ငံ တိရစ္ဆာန်များဥယျာဉ်အဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr.Wisid Wichasilpa **ပင်ဂွင်းငှက် တစ်စုံနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်ထံ လွှဲပြောင်းပေးအပ်စဉ်။**

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆိုင်ရာ သံတမန်များအဖွဲ့နာယက ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E.Mr. Hul Phany နှင့် သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ စစ်သံမှူးများ၊ ပြည်တွင်းရှိ နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များ တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြစဉ်။

(သတင်းစဉ်)

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်) ဆင်စခန်းတွင် ဆင်လိမ္မာများ စွမ်းရည်ပြနေစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၇–၃–၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၆း၀၀	၁။	**(၆၃)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်**
၇း၂၀	၂။	(၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈း၄၅	၃။	International News.
၉း၀၀	၄။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး စစ်သည်တေး
၄း၁၀	၂။	တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ဆုရတေးများ
၄း၂၀	၃။	မြူးမြူးကြွကြွယဉ်ကျေးမှုအက
၄း၃၀	၄။	တေးဂီတအစီအစဉ်
၄း၄၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (ဓာတုဗေဒအထူးပြု)(ဓာတုဗေဒ)
၄း၅၀	၆။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၅	၇။	**"ရေမြင့်––ကြာတင့်" (ခန့်စည်သူ၊ရောဂငှက်ပျောကြော်၊ မိုးပြည့်ပြည့်မောင်) [ဒါရိုက်တာ–ဖုန်းမြင့်အောင်]**
၅း၀၀	၈။	(၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၅း၃၀	၉။	ကြေးမုံရိပ်သွင်တေးနှယဉ်
၅း၄၀	၁၀။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၀၀	၁၁။	ညနေခင်းသတင်း
၆း၃၀	၁၂။	မိုးလေဝသအခြေအနေ
၆း၃၅	၁၃။	**တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ် (တပ်မတော်နှင့် ပြည်သူလက်တွဲကူ၊ ဖွဲ့နှင့်ချီမည်ပြည်သစ်ဆီ) (တရုတ်ဘာသာ)**
၆း၄၅	၁၄။	(၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၇း၀၀	၁၅။	**နိုင်ငံခြားဇာတ်လမ်းတွဲ "လေဒီယာနှင့်ဆုံစည်းခြင်း" (အပိုင်း–၁၈)**
၇း၅၀	၁၆။	ပြည်သူ့အတွက်တပ်မတော်
၈း၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	(၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
	၂၁။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝဆက်တိုင်း" (အပိုင်း–၁၁)**
	၂၂။	အစီအစဉ်ပြီး၏။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇–၃–၂၀၀၈ (ကြာသပတေးနေ့)

AM & PM

၇း၀၀–၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅–၁း၀၅	"အစွမ်းထက်မြက်သောဂါထာတော်များ"(၂) [ဆရာတော်အရှင်ကဥ္စနောဘာသ(မှဲ့ဘွဲ့–ကလေးဝ)]
၈း၁၀–၂း၁၀	နိဗ္ဗာန်ဆီသို့...... အမေးအဖြေများ
၈း၃၀–၂း၃၀	တေးဂီတအစီအစဉ်
၈း၃၅–၂း၃၅	ပြည်တွင်းအနုပညာရေးရာ
၈း၅၅–၂း၅၅	သန့်ရှင်းလတ်ဆတ်သောဆီသန့်မှသည် ကျန်းမာရေးဆီသို့
၉း၂၀–၃း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀–၃း၃၀	တေးဂီတအစီအစဉ်
၉း၃၅–၃း၃၅	လှူဒါန်းမှုမှသည် အသောကဓမ္မဗိမာန်ဆီသို့
၉း၅၅–၃း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀–၄း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅–၄း၀၅	အဖိုးတန်နွေ
၁၀း၂၅–၄း၂၅	မိုးလေဝသခန့်မှန်းချက်
၁၀း၃၀–၄း၃၀	ထိရောက်အကျိုးရှိသောစွမ်းအင်အသုံးချမှုမှသည်
၁၀း၅၀–၄း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀–၅း၀၀	မြန်မာနိုင်ငံမီးသတ်အဖွဲ့၏ကာကွယ်ကယ်ဆယ်ရေးလုပ်ငန်းများ(အိမ်တွင်း)
၁၁း၂၅–၅း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၀–၅း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅–၅း၃၅	**ချစ်သောမြေ ချစ်သောရေ (ရာဇာနေဝင်း၊ခိုင်နှင်းဝေ) (ဒါရိုက်တာ–ခင်နွဲ့နွဲ့မူ)**
၁၁း၄၅–၅း၄၅	Myanmar ICT Exhibition 2008
၁၂း၁၀–၆း၁၀	တေးဂီတအစီအစဉ်
၁၂း၁၅–၆း၁၅	နေရာတိုင်းတွင်အသုံးဝင် ရှားစောင်းလက်ပပ်အပင်
၁၂း၃၅–၆း၃၅	တေးဂီတအစီအစဉ်
၁၂း၄၀–၆း၄၀	သဘာဝကပေးတဲ့အကျိုးအာနိသင်
၁း၀၀–၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ထူးခြားသည့် နေ့အပူချိန်များ

၂၆–၃–၂၀၀၈

မင်းဘူး

၃၉ ဒီဂရီစင်တီဂရိတ် (၁၀၂ ဒီဂရီဖာရင်ဟိုက်)

နေပြည်တော် ပျဉ်းမနား၊ ရမည်းသင်း၊ သာယာဝတီ၊ ရန်ကုန်(ကမ္ဘာအေး)နှင့် ဘားအံ

၃၈ ဒီဂရီစင်တီဂရိတ်စီ (၁၀၀ ဒီဂရီဖာရင်ဟိုက်စီ)

ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်

☆ အေးချမ်းမှုကို လိုလားသည်

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးထွန်းကြည်နှင့် ရွှာတော်အဆင့်မြင့်ဈေး တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ ဦးသာဌေးတို့ နေပြည်တော်ပျဉ်းမနား ရွှာတော်အဆင့်မြင့်ဈေးသစ်ကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ရွှာတော်အဆင့်မြင့်ဈေး ဖွင့်ပွဲအခမ်းအနား တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်ဖွင့်လှစ်

နေပြည်တော် မတ် ၂၆

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် နေပြည်တော်ပျဉ်းမနား ရွှာတော်အဆင့်မြင့်ဈေးသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဈေးရှေ့၌ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်ဖွင့်လှစ်ပေးသည်။

အစီအစဉ်အရ မင်္ဂလာအချိန် နံနက် ၉ နာရီ ၄၅ မိနစ်တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးထွန်းကြည်နှင့် ရွှာတော်အဆင့်မြင့်ဈေးတည်ဆောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသာဌေးတို့က အဆင့်မြင့်ဈေးသစ်ကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် အဆင့်မြင့်ဈေးသစ်ကြီးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တိုင်းမှူးက တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ အဆင့်မြင့်ဈေးသစ်ကြီး၌ သုံးထပ်ဖက်ရှင်စတိုးဆိုင် လေးဆိုင်၊ စားသောက်ဆိုင် ၃၆ဆိုင်၊ နှစ်ထပ်စတိုးဆိုင် ၄၈ဆိုင်၊ ဈေးအပြင်တန်းဆိုင်ခန်း ၁၆၀၊ ဈေးအတွင်းဆိုင်ခန်း ၂၅၆ခန်း၊ ပုံကျဈေးဆိုင်ခန်း ၂၆၀၊ ငါးပိ/ငါးခြောက်နှင့် သားငါးဈေးဆိုင်ခန်း ၉၀ စုစုပေါင်း ဈေးဆိုင်ခန်း ၈၅၄ ခန်းဖြင့် ရောင်းဝယ်ဖောက်ကားနေပြီး အဆင့်မြင့်ဈေး၌ ဈေးရောင်းချလိုသူများအနေဖြင့် ရောင်းချလိုသည့် ကုန်ပစ္စည်းအမျိုးအစားအလိုက် ဆိုင်ခန်းများကို လွတ်လပ်စွာ အရစ်ကျဝယ်ယူဖွင့်လှစ်ရောင်းချနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၆၃)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြု

(ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဖွံ့ဖြိုးရေးဓာတ်ပုံကဏ္ဍအညွှန်း)

❑ ***"တပ်မတော်ဟာ နိုင်ငံ့လွတ်လပ်ရေးကမ္ဘာတည်သရွေ့ အစွန့်ရှည်တည်တံ့စေဖို့အတွက် စစ်ရေးအရ ကာကွယ်ရေးတာဝန်တွေကိုသာမကဘဲ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍတွေအတွက် ကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေးတာဝန်တွေကိုပါ မလွဲမသွေယူမှုဖြစ်မယ်ဆိုတာ သမိုင်းကြောင်းသာဓကတွေအရ ပိုမိုထင်ရှားပေါ်လွင်လို့နေပါတယ်"*** မြင့်ဝေလှိုင်၏ ***"နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့၏ စုပေါင်းစွမ်းပကားဖြင့် ဒီမိုကရေစီ နိုင်ငံတော်သစ်ဆီသို့ ဆက်လက် လက်တွဲချီတက်ကြမည်"*** (အထူးထုတ်ဆောင်းပါး) အထူးထုတ် – ဃ၊ ခ၊ ဂ

❑ ခွန်ရဲသွေး(အေးသာယာ)၏ ***"ပြည်ချစ်သားတို့အားမာန်"*** (ကဗျာ) အထူးထုတ် – ဂ

❑ ***"တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသောဆက်သွယ်ရေးကဏ္ဍ"*** (ဓာတ်ပုံကဏ္ဍ)စာမျက်နှာ – ၆

❑ ဒေါက်တာရွှေပြည်စိုး (မြန်မာစာဌာန၊ရန်ကုန်တက္ကသိုလ်)၏ ***"တပ်မတော်နေ့သန္နိဋ္ဌာန်"*** (ကဗျာ) စာမျက်နှာ – ၇

❑ မင်းဦး(ဒသသန)၏ ***"နိုင်ငံတော်နှင့်ပြည်သူ့အကျိုးအတွက်"*** (ကာတွန်း) စာမျက်နှာ – ၇